ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (26-12-2010)(၆၆၂၄)

ကချင်ပြည်နယ် ချီဖွေရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းစတင်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

ကချင်ပြည်နယ် ချီဖွေရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါစီမံကိန်းလုပ်ငန်းခွင်အတွင်း၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI)မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



ကချင်ပြည်နယ် ချီဖွေရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်နေမှုတွေ့ရစဉ်(သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင်နှင့် ဝန်ကြီး ဦးဇော်မင်းတို့က အမှာစကား ပြောကြားကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူးနှင့် CPI ဥက္ကဋ္ဌ တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

လူလား ယာဉ်လား လမ်းလား (၁)

ခရမ်းစိုးမြင့် - ကွင်းဆင်းလေ့လာရေးသားသည်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရန်ကုန်-နေပြည်တော်အပိုင်းတွင် ယာဉ်မတော်တဆမှု မဖြစ်ပွားစေရန် ကွေ့ကြော အချက်ပြမှတ်တိုင်များကိုလည်း ဤသို့ စိုက်ထူထားသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ရန်ကုန်အမှတ်(၃) လမ်းဆုံမှ နေပြည်တော် "စီ"လမ်းဆုံအထိ လမ်းအရှည် ၂၀၂ မိုင် ၁ ဖာလုံရှိပြီး အကျယ်ပေ ၃၀ အလယ်ကျွန်းနှင့် တစ်ဖက်စီတွင် ၂၅ ပေကျယ် ယာဉ်သွားလမ်းနှစ်လမ်းစီပါသော ကွန်ကရစ်ဖြင့် တည်ဆောက်ထားသည့် လေးလမ်းသွား ခွဲခြားလမ်းကြီး (4 Lane divided Highway) ဖြစ်သည်။ ရန်ကုန်-နေပြည်တော်အပိုင်း အမြန်လမ်းမကြီးကို အမြန်လမ်းအင်္ဂါရပ်များနှင့် အတတ်နိုင်ဆုံး ညီညွတ်စေပြီး ၂၅-၃-၂၀၀၉ ရက်၌ အများပြည်သူများ လွယ်လင့်တကူနှင့် ခရီးမြန်ဆန်စွာ သွားလာနိုင်စေရေးအတွက် ဖွင့်လှစ်ပေးခဲ့ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၂၆-၁၂-၂၀၁၀
(တနင်္ဂနွေနေ့)

သမားဇာနည် အောင်စစ်သည်များဖြစ်အောင် ကြိုးပမ်းစွမ်းဆောင်

တပ်မတော်ဆေးတက္ကသိုလ်သည် ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိကောင်းများကို မွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အဆိုပါဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် **"ရဲဘော်တို့ဟာ ဆေးဘက်ဆိုင်ရာ ခေါင်းဆောင်ငယ်များ ဖြစ်ကြတယ်။ ခေါင်းဆောင်မှုဆိုတာ ကိုယ်ရည်ကိုယ်သွေးပဲဖြစ်တယ်။ မိမိကိုယ်၌က စံပြဖြစ်အောင် ကြိုးစားအားထုတ်ပြီး ငယ်သားတွေရဲ့ လေးစားကြည်ညိုမှုကိုရယူရမယ်။ အလားတူပဲ ဆေးပညာရှင်တွေ ဖြစ်တဲ့အတွက် လူနာတွေရဲ့ယုံကြည်ကိုးစားမှု ရရှိအောင်လည်း ကြိုးပမ်းရမယ်။ ဒါမှသာ ရဲဘော်တို့ဟာ အောင်မြင်တဲ့ သမားဇာနည်တွေ ဖြစ်လိမ့်မယ်ဆိုတာ မှာကြားလိုတယ်"** ဟူ၍ ပြောကြားသည်။

တပ်မတော်ဆေးတပ်ဖွဲ့၏ ရည်မှန်းချက်မှာ **ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်** ဖြစ်ရာ စစ်မြေပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ပိုမိုထိရောက်မှုရှိစေရေးအတွက် စစ်ပညာနှင့် ဆေးပညာကို အစဉ်တစိုက်ယှဉ်တွဲလေ့လာနေကြရပေမည်။ နယ်မြေဒေသအလိုက် ဖြစ်ပွားလေ့ရှိသည့် ရောဂါမျိုးများ သုတေသနပြု မှတ်တမ်းတင်ခြင်း၊ စစ်ပွဲအတွင်း သုံးစွဲလာသည့် လက်နက်ဆန်းများ၏ အန္တရာယ်သက်ရောက်နိုင်မှုနှင့် ထိခိုက်ဒဏ်ရာများကို လေ့လာထားကြရမည် ဖြစ်သည်။

ထို့အပြင် စစ်မြေပြင်တွင် စစ်မြေပြင်ဆိုင်ရာ ကျန်းမာရေးနှင့် သန့်ရှင်းရေး စည်းကမ်းများ ထုတ်ပြန်ပြီး အဆင့်အတန်းအားလုံး လိုက်နာစေရေး ကြပ်မတ်ပေးကြရပေမည်။ ကူးစက်ရောဂါ ပြန့်ပွားမှုမရှိရေး အသိပညာပေးကြရပေမည်။ တပ်မတော်သားများနှင့် မိသားစုဝင်များ သာမက ရောက်ရာဒေသမှ မိဘပြည်သူများကိုလည်း ကျန်းမာရေး စောင့်ရှောက်မှုပေးကြရမည်ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံး လိုအပ်ချက်သည် ကျန်းမာရေးဖြစ်သည်။ တပ်မတော်အစိုးရက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကို မြှင့်တင်နိုင်ရေးအတွက် အဆင့်မြင့်ဆေးပညာရှင်များ၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို မွေးထုတ်၊ ဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသော ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိကောင်းများကို မွေးထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်ဆေးဘက်ဆိုင်ရာ ခေါင်းဆောင်ငယ်များ အနေဖြင့် တိုက်ရည် ခိုက်ရည်ပြည့်ဝပြီး သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းကောင်းခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်းတို့ ပြည့်စုံသည့် **သမားဇာနည်အောင်စစ်သည်** များပီပီ နိုင်ငံတော်ကာကွယ်ရေးနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဂုဏ်ရည် ထာဝစဉ် တောက်ပြောင်စေရေး ဆက်လက်စွမ်းဆောင်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၁၀ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

၂၀၁၀ ခုနှစ် ဒီဇင်ဘာစတုတ္ထပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော် မြို့မဈေးရှေ့စုရပ်၌ စတင်တာထွက်၍ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ ၊ ဝန်ထမ်းမိသားစုများနှင့် ကျန်းမာရေး လေ့လာလိုက်စားကြသူ ပြည်သူများ စုစုပေါင်းအင်အား ၁၀၄၅၀ ကျော် ပါဝင်ဆင်နွှဲကြသည်။(အပေါ်ပုံ)

ရှေးဦးစွာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများသည် နံနက် ၅ နာရီ ခွဲတွင် လမ်းလျှောက်ပွဲ တာလွှတ်ကျင်းပမည့်နေရာ၌ အသီးသီးနေရာယူကြပြီး နံနက် ၆ နာရီတွင် ဒုတိယ ဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများက ဦးဆောင်၍ စတင်တာထွက်ကြပြီး တောင်ညို-ပျဉ်းမနားလမ်းအတိုင်း သပြေကုန်းအဝိုင်းသို့လည်းကောင်း၊ သပြေကုန်း အဝိုင်းမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း ကျောက်မျက်ရတနာပြတိုက်ရှေ့သို့လည်းကောင်း စုပေါင်းလမ်းလျှောက်ပန်းဝင်ကြရာ လမ်းလျှောက်ပွဲ ဆင်နွှဲကြသူများအား နေပြည်တော် ဇမ္ဗူသီရိဟိုတယ်မှ စမူဆာများ၊ ရေသန့်များဖြင့် ကျွေးမွေးဧည့်ခံကြသည်။

ယင်းနောက် လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများသည် ကျောက်မျက်ရတနာပြတိုက်ရှေ့၌ ဝန်ကြီးဌာနအလိုက် တန်းစီကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အစီအစဉ်များကို တပျော်တပါး ပါဝင်လှုပ်ရှားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

FATHER LAND CO., LTD. ရန်ကုန် ကုန်စည်ပြပွဲ၌ ပါဝင်ပြသ

ရန်ကုန် ဒီဇင်ဘာ ၂၅

Smart Business Group က ကြီးမှူး၍ Yangon Expo 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒီဇင်ဘာ၂၃ ရက်မှ ၂၆ ရက်ထိ ခင်းကျင်းပြသလျက်ရှိရာ Father Land Construction & Decoration Co., Ltd.က ပါဝင်ပြသလျက်ရှိသည်။**(ယာပုံ)**

အဆိုပါပြခန်းတွင် ကွန်ဒိုမီနီယမ်နှင့် ရိုးရိုးတိုက်ခန်းများ ရောင်းချခြင်းနှင့် အိမ်အလှဆင် (Decoration) လုပ်ငန်းနှင့် Wall Paper, Plaster Cornic တို့ကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ပြပွဲကာလအတွင်း ဝယ်ယူသူများအား ငါးရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ Discount ပေးမည်ဖြစ်သည်။ထို့ပြင် Decoration လုပ်ငန်းများတွင် ငွေကျပ် သိန်း ၁၀၀ ဖိုးနှင့်အထက် လုပ်ငန်းအပ်နှံသူများနှင့် တိုက်ခန်းတစ်ခန်း ဝယ်ယူသူများအား ငွေကျပ် ငါးသိန်းတန် တယ်လီဖုန်း (Hand Set အပါအဝင်) မေတ္တာလက်ဆောင်ပေးလျက်ရှိသည်။

Father Land Construction & Decoration Co., Ltd. သည် အထပ်မြင့်၊ အထပ်နိမ့် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် PAE စနစ်ဖြင့် လုံးချင်းနှင့် အထပ်မြင့် အဆောက်အအုံတို့ကို ဆောက်လုပ်ခြင်း၊ Decoration ပြုလုပ်ခြင်း၊ Renovation ပြုလုပ်ခြင်းနှင့် Wall Paper နှင့် အိမ်အလှဆင်ပစ္စည်းမျိုးစုံတို့ကိုပါ ရောင်းချပေးလျက်ရှိသည်။

ဇန်နဝါရီ ၁ ရက်မှ ၄ ရက်ထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည့် အိမ်ရာ၊ နေထိုင်မှုနှင့် ပရိဘောဂပြပွဲကြီးတွင်လည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

Father Land Construction & Decoration Co., Ltd. နှင့် ဆက်သွယ်လိုပါက အမှတ်(၂၁၉/၂၂၁) ဗိုလ်မြတ်ထွန်းလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၉-၄၉၂၉၈၈၇၇၊ ၀၉-၅၁၃၁၀၇၁၊ ၀၉-၅၀၆၇၄၇၄၊ ၃၉၇၆၄၉ နှင့် ၂၉၆၄၀၁ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး သံယာ့ဆေးကုသဆောင် ဆေးပဒေသာပင်အတွက် မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက် မြရတနာ (၁၀) လမ်းနေ ဦးခင်ဇော် (မြန်မာ့ရိုးရာနဝင်းပညာရှင်) -ဒေါ်စန်းညွန့်၊ သမီး ဒေါက်တာတတိုင်းမွေး (ကထိက၊ သမိုင်းဌာန) မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းနှင့် သံယာ့ဆေးကုသဆောင် ဒုတိယဥက္ကဋ္ဌ ဦးမြင့် (ကျိုက်လတ်မိုးမြင့်) တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အလုံမြို့နယ်၌ အိမ်တိုင်ရာရောက် ကျန်းမာရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်မြို့ အလုံမြို့နယ် အတွင်းရှိ နာတာရှည်ရောဂါ ဝေဒနာရှင် များအား ပြည်သူလူထု အခြေပြုအိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက်က အလုံမြို့နယ် ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သီရိနွယ်၊ ဒေါက်တာ ဒေါ်ယဉ်သန္တာလွင်၊ ဒေါက်တာဒေါ်စန္ဒာ၊ ရန်ကုန်တိုင်းဒေသကြီး ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာဒေါ်တင်မိမိခိုင်၊ ရန်ကုန်တိုင်းဒေသကြီး အနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာ ဒေါ်စန်းရီရီဆွေတို့က ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြကြောင်း သိရသည်။ (ကြေးမုံ)

အထက(၁)သင်္ဃန်းကျွန်း အာစရိယပူဇော်ပွဲအတွက် ငွေလှူ

ရန်ကုန် ဒီဇင်ဘာ ၂၅

အထက(၁) သင်္ဃန်းကျွန်းတွင် ၁၉၅၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည့် ကျေးဇူးရှင် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲအတွက် ပင်မအလှူရှင်၏ ငွေလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက်က အထက(၁)သင်္ဃန်းကျွန်း သပြေခန်းမ၌ ကျင်းပသည်။

ငွေလှူဒါန်းပွဲအခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်နှင့် အထက(၁)သင်္ဃန်းကျွန်းမှ (ဆရာကြီး ဦးစိန်အောင်)၏သား ကျောင်းသားဟောင်း ပင်မအလှူရှင် ဦးအေးကို (A.K Groups of Company)နှင့် ဆရာကန်တော့ပွဲဖြစ်မြောက်ရေး ဆောင်ရွက်နေသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက မုဒိတာစကားပြောကြားပြီး ကျောင်းသားဟောင်း ဦးအေးကိုက ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ရန် ငွေလှူဒါန်းရခြင်းကို ပြောကြားပြီး အလှူငွေကျပ် ၃၇ သိန်းကို ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေး တာဝန်ခံ ဦးဝင်းမြင့်သို့ ပေးအပ်သည်။ **(အောက်ပုံ)**

ပင်မအလှူရှင်သည် ၂၀၀၁ ခုနှစ်မှစ၍ သုံးနှစ်တစ်ကြိမ် ဆရာကန်တော့ပွဲ ကျင်းပနိုင်ရန် ငွေပင်ငွေရင်း စိုက်ထုတ်ခဲ့သူဖြစ်ရာ ၂၀၁၀ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပသွားရန် တာဝန်ယူခဲ့သူဖြစ်ပြီး ၂၀၁၀ခုနှစ်အတွက် ငွေကျပ် ၃၆ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၉)

❀ **ရှေ့ဖုံးမှ**

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ CPI ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ချီဖွေရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းစတင်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒေသခံပြည်သူများအတွက် ဆန်နှင့် စားသုံးဆီများကို ပေးအပ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး စီမံကိန်းတမံ တည်ဆောက်မည့် ရှုရပ်မှနေ၍ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ CPI ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် CPI Yunnan International Power Investment Co.,Ltd. က အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ဓာတ်အားပေးစက်ရုံဆောက်လုပ်ပြီးစီးမှုနှင့် စက်ရုံအတွင်း စက်မှု၊ လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက် နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များအား စီမံကိန်းမှ တာဝန်ခံအင်ဂျင်နီယာများက ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီး ဦးဇော်မင်းက လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ CPI ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ချီဖွေငယ်ရေအား လျှပ်စစ်စီမံကိန်း ပင်မတမံတည်ဆောက်ခြင်း လုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ ဝန်ကြီး ဦးဇော်မင်း၊ ဝန်ကြီး ဦးခင်မောင်မြင့်၊ ဝန်ကြီး ဦးသိန်းဇော်၊ CPI ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ချီဖွေရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ကချင်ပြည်နယ် ချီဖွေရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းစတင်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

တရားဥပဒေအထွေထွေဗဟုသုတ(ဒေါက်တာမောင်မောင်) စာအုပ်ထုတ်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၅

ဒေါက်တာမောင်မောင်ရေးသားသည့် တရားဥပဒေအထွေထွေဗဟုသုတစာအုပ်ကို ပြည်သူတို့ တရားစီရင်ရေးနှင့် ဥပဒေရေးရာ အထွေထွေဗဟုသုတရရှိစေရန် ရည်ရွယ်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က တတိယအကြိမ် ပြန်လည်ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ဤစာအုပ်တွင် နိုင်ငံတော် တရားသူကြီးချုပ် ဦးအောင်တိုး၏ အမှာစာ၊ စာရေးသူနှင့် စာရေးသူဇနီးတို့၏စေတနာအမှာစကားများဖြင့် အခန်း(၁၇)ခန်းခွဲကာ ပြုစုထားရှိသည်။

တရားစီရင်ရေး၏ အဓိကတာဝန်သည် အမှန်ကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ ဥပဒေ၊ ကျင့်ထုံး မည်မျှပင်ပြည့်စုံစေကာမူ ကျင့်သုံးသူ၏ စေတနာမှန်ရန် လိုအပ်ပုံ၊ တရားသူကြီး၊ တရားရေးဝန်ထမ်း၊ ဥပဒေဝန်ထမ်း၊ ရှေ့နေ၊ ဆရာဝန်၊ သက်သေ၊ တရားစီရင်ရာတွင် ပါဝင်သရွေ့ စေတနာမှန်၊ သစ္စာတရားရှိပြီး အဂတိကင်းရန် အရေးကြီးကြောင်း ဖော်ပြပါရှိသည်။

ပြည်သူတို့ဘဝတွင် လက်တွေ့နီးစပ်သော ဥပဒေများကို ပြည်သူတို့နားလည်သဘောပေါက်ရန် အထူးအရေးကြီးပုံ၊ ဥပဒေအခြေခံသဘောများ၊ ဥပဒေကပေးသော ရပိုင်ခွင့်တာဝန်များကို ပြည်သူတို့အား သိကြားစေအပ်ပြီး နားလည် လိုက်နာကျင့်သုံးလာစေရန် ပညာပေးဖို့လိုကြောင်း ရေးသားထားရှိသည်။

ထို့အပြင် တရားရုံး၏ လုပ်ထုံးလုပ်နည်းများ၊ တရားရုံးကအဆုံးအဖြတ် ပြုရာတွင် ထည့်သွင်းစဉ်းစား ရမည့်အချက်များ၊ ဆင်ခြင်သုံးသပ်ရမည့်အချက်များ၊ သက်သေအထောက်အထားများမှ အချက်အလက်များ ဖော်ထုတ်ရာတွင် သတိပြုရမည့်အချက်များ၊ ထင်ကြေးဖြင့် အပြစ်မပေးသင့်ဘဲ သေချာမှ အပြစ်ပေးသင့်ပုံတို့ကို မှတ်သားနာယူဖွယ် ရေးသားထားသည်။

တရားဥပဒေဆိုင်ရာ ကျယ်ပြန့်သော အယူအဆများကို စုစည်း၍ လိုက်နာကျင့်သုံး အပ်သည်များ၊ ပြည်သူတို့တရားဥပဒေရေးရာ ဗဟုသုတရရှိစေရန် စေတနာရည်ရွယ်ချက်ဖြင့် ရေးသားထားခြင်းဖြစ်ရာ တရားရေးဝန်ထမ်းများ၊ ဥပဒေဝန်ထမ်း၊ ရှေ့နေ ရှေ့ရပ်များသာမက အခြားသော နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုတစ်ရပ်လုံးက လက်ဝယ်ထား၍ ထပ်တလဲလဲ ဖတ်ရှုလေ့လာမှတ်သားသင့်သော စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။



အဆိုပါ စာအုပ်ကို နေပြည်တော်တွင် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံးအမှတ်(၁၇)နှင့် ဝင်းသူဇာအရောင်းဆိုင်များ၊ မြို့မဈေး မြတ်ရွှေတောင်စာပေ၊ ပျဉ်းမနား သရဖူစာပေဥယျာဉ်နှင့် သော်တာဆန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်၊ စာပေဗိမာန် စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ကျပ် ၁၆၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ABE (Business Management) Diploma သင်တန်းများ ဒီဇင်ဘာလတွင် ဖွင့်လှစ်သင်ကြားမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

Association of Business Executives (ABE), UK မှ Accredited College အဖြစ် အသိအမှတ်ပြုထားသော Wise International School for Executives က ABE Diploma in Business Management သင်တန်းများ ကို ဒီဇင်ဘာ ၂၇ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး စာမေးပွဲကို ၂၀၁၁ ခုနှစ် ဇွန်လဆန်းတွင် ABE, UK က ကြီးမှူး၍ တိုက်ရိုက်စစ်ဆေးသွားမည်ဖြစ်သည်။ Diploma အောင်မြင်သူများအား ABE, UK က နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များကို တိုက်ရိုက်ချီးမြှင့်သွားမည်ဖြစ်သည်။

Diploma အောင်လက်မှတ်များသည် USA, England, Australia, Singapore နှင့် Europe ရှိ နိုင်ငံများနှင့် နိုင်ငံတကာရှိ တက္ကသိုလ်၊ကောလိပ်များက အသိအမှတ်ပြုထားသဖြင့် စီးပွားရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတို့နှင့် သက်ဆိုင်သော ဘာသာရပ်များကို မိမိသွားရောက် ပညာသင်ကြားလိုသော နိုင်ငံများတွင် ဝင်ခွင့်စာမေးပွဲများ ဖြေဆိုစရာမလိုဘဲ တက္ကသိုလ်ဒုတိယနှစ်၊ တတိယနှစ် သင်တန်းများနှင့် MBA ဒုတိယနှစ် သင်တန်းများကို တိုက်ရိုက်တက်ရောက် သင်ယူနိုင်မည်ဖြစ်သည်။

ထို့ပြင် WISE က လစဉ်ဖွင့်လှစ်သင်ကြားလျက်ရှိသော Financial Management, Human Resource Management, Sales and Marketing Management, Retail Management, Customer Services and Retail Selling စသည့် Management Short Courses (စီမံခန့်ခွဲမှုဆိုင်ရာဘာသာရပ်)များကိုလည်း သင်တန်းကြေးအခမဲ့ဖြင့် တက်ရောက်သင်ကြားနိုင်မည့် အခွင့်အရေးများ ရရှိမည်ဖြစ်သည်။

သင်တန်းနှင့် စပ်လျဉ်း၍ Wise International School for Executives အခန်းအမှတ်(၁၀၀၉) (၁၀)ထပ် ယုဇနတာဝါ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ယူအား"တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၆း၄၀ အံ့ဖွယ်ထူးခြားကလောမဟာမုနိဆုတောင်းပြည့်နှီးဘုရား
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၈၃)**
- ၈း၄၀ Fashion Music Festival (Part-13)
- ၉း၁၅ နှစ်စဉ်မပျက်နွဲလို့ပျော် စာပန်းအိမ်၏ဘုံကထိန်ပွဲတော်
- ၉း၂၅ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်း၏သွေးလှူရှင်များဂုဏ်ပြုပွဲ
- ၉း၃၅ Sunday Talk (ကြည်လင်အေး၊ မျိုးမြတ်သူ)
- ၁၀း၁၅ မြို့ရွှေဘို၏အစဉ်အလာကောင်းသောအပြုံးပြိုင်ပွဲ
- ၁၀း၄၀ ဗီဒီယိုပြခန်း
- ၁၁း၀၀ ဈေးဝယ်လမ်းညွှန် (La Mode)
- ၁၁း၃၀ ၂၀၁၀ပြည့်နှစ်ပြင်ဦးလွင်မြို့တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ညပိုင်းယှဉ်ပြိုင်မှုများ
- ၁၂း၀၀ စိတ်ချမ်းသာကိုယ်ကျန်းမာစေမှာ ကုမုဒြာ (အပိုင်း-၁)
- ၁၂း၁၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၁၂း၄၀ ရှုမငြီးဖွယ်စုံညီ. . . ထားဝယ်မြို့ဂုဏ်ရည်
- ၁း၀၀ "ယူအား"တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (တိရစ္ဆာန်မွေးတာကောင်းတယ်၊ တိရစ္ဆာန်မမွေးတာကောင်းတယ်)
- ၃း၂၅ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြိုးပမ်းချက် ဖြောင့်ဖြူးသောလမ်းများ သင့်အတွက်
- ၃း၃၅ Kid's Show
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၈၃)**
- ၄း၅၀ စိတ်ကူးအိပ်မက်အနာဂတ်အတွက် "YIUS"
- ၅း၀၅ သွားမယ်စားမယ် (PARISIAN Cake& Coffee)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၁၇)**
- ၇း၃၀ Fashion Music Festival (Part-14)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၉)
- ၈း၅၀ ပန်းချီပြခန်း (7 Artists Art Exhibition)
- ၉း၀၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းပွင့်များရဲ့ဖန်တီးရှင် Gardan Style ပန်းအိုးထိုးနည်း)
- ၉း၂၅ Barclays Premier League (Blackpool Vs Liverpool)
- ၁၁း၂၅ ဟိုတယ်လမ်းညွှန် (Rupar Mandalar Resort)
- ၁၁း၅၅ Barclays Premier League (Aston Villa Vs Tottenham)
- ၁း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၈၄)**
- ၂း၄၀ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
- ၃း၀၀ ဆန်းသစ်တီထွင် COAT ဖက်ရှင် (အပိုင်း-၄)
- ၃း၃၀ စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော
- ၃း၅၀ Box Office Movies (Star Trek)
- ၄း၁၅ မေတ္တာရောင်ပြန် (ဇေယျ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည်) [ဒါရိုက်တာ - ဝင်းမောင်ရွှေ (Art)]
- ၄း၃၀ အသွင်ပြောင်းစေမည့် Fiber Tech
- ၄း၃၅ မြန်မာ့လက်မှု အနုလက်ရာစုံစွာ. . .
- ၄း၄၅ သီးနှံစိုက်ပျိုးအထွက်တိုး "ဆောင်းရာသီပဲတီစိမ်းပန်းတိုင်"
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း			ပွဲစဉ်	ပြသမည့်လိုင်း
၆း၂၅	Fulham	-	West Ham	ESPN (Live)
၉း၂၅	Man U	-	Sunderland	ESPN (Live)
	Blackpool	-	Liverpool	STAR SPORTS (Live)
၁၁း၅၅	Aston Villa	-	Tottenham	ESPN (Live)
	Bolton	-	West Bromwich	STAR SPORTS(SDD)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

နှစ်ပေါင်းများစွာအတွင်း အပျော်ရွှင်ဆုံးခရစ္စမတ်ပွဲတော် အနောက်ဘက်ကမ်းဒေသ ဘက်သ်လီဟမ်မြို့၌ကျင်းပ

ဘက်သ်လီဟမ် ဒီဇင်ဘာ ၂၅ - ခရစ်တော်၏ မွေးရပ်မြေအဖြစ် အစဉ်အလာအရ အသိအမှတ်ပြုထားသော ခရစ်ယာန်ဘာသာဝင်များ အထွတ်အမြတ်ထားရာ အနောက်ဘက်ကမ်းဒေသရှိ ဘက်သ်လီဟမ်မြို့၌ နှစ်ပေါင်းများစွာအတွင်း ပျော်ရွှင်ဖွယ်အကောင်းဆုံး ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၂၄ ရက်က စတင်ကျင်းပခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အနောက်ဘက်ကမ်းဒေသ ဘက်သ်လီဟမ်မြို့ နေတီဗတီဘုရားကျောင်း၌ ကျင်းပသော ခရစ္စမတ်နေ့ အခမ်းအနား စတင်ပွဲသို့ တက်ရောက်လာသည့် ပါလက်စတိုင်း သမ္မတ မာမွတ် အဘတ်စ်ကို ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

ဘက်သ်လီဟမ်မြို့၌ ယခုနှစ်အတွင်းကျင်းပသည့် ခရစ္စမတ်ပွဲတော်သို့ လာရောက်သူဦးရေသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အများပြားဆုံးဖြစ်ကြောင်း ဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

အချိန်အခါမဟုတ် ရာသီဥတုသာယာခြင်း၊ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ပဋိပက္ခများ အခိုက်အတန့်မျှ ငြိမ်သက်ခဲ့ခြင်းနှင့် အနောက်ဘက်ကမ်းဒေသ၌ စီးပွားရေးပြန်လည်နာလန်ထူလာမှုတို့ကြောင့် ယခုနှစ် ခရစ္စမတ်ပွဲတော်သည် သက်ဝင်လှုပ်ရှားမှုရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ညပိုင်းကာလတွင် ဘက်သ်လီဟမ်မြို့ရှိ မင်ဂါရင်ပြင်၌ ခရစ္စမတ်မီးရောင်စုံများဖြင့် ထိန်ထိန်ညီးခဲ့သည်ဟု ဆိုသည်။ ခရစ္စမတ်ပွဲတော်ကျင်းပစဉ်အတွင်း ခရာမှုတ်သံများ၊ ရိုးရာခရစ္စမတ်သီချင်းများကို အာရေဗစ်ဘာသာနှင့် သီဆိုသံများဖြင့် ပွဲတော်တစ်ခုလုံး မြူးကြွနေချိန်တွင် ပွဲတော်ကာလငြိမ်းချမ်းရေးအတွက် ဘက်သ်လီဟမ်မြို့ပတ်လည်၌ ပါလက်စတိုင်းရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်ယူပေးထားကြောင်း သိရသည်။

အနောက်ဘက်ကမ်းဒေသရှိ သမ္မာကျမ်းစာလာ ဘက်သ်လီဟမ်မြို့၌ နှစ်စဉ်ကျင်းပသော ခရစ္စမတ်ပွဲတော်သို့ ပြည်ပမှ ကမ္ဘာလှည့်ခရီးသည်ထောင်ပေါင်းများစွာတို့လည်း ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။ **အေပီ။**



ဆက်သွယ်ရေးဂြိုဟ်တုတင်ဆောင်ထားသော အိန္ဒိယဒုံးပျံယာဉ် ပေါက်ကွဲပျက်ကျ

နယူးဒေလီ ဒီဇင်ဘာ ၂၅

ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို တင်ဆောင်ထားသော အာကာသဒုံးပျံယာဉ်တစ်စင်းသည် ဒီဇင်ဘာ ၂၅ရက် က အိန္ဒိယနိုင်ငံတောင်ပိုင်းမှ လွှတ်တင်ခဲ့ပြီးနောက် ပေါက်ကွဲပျက်ကျသွားကြောင်း **(အပေါ်ပုံ)** နိုင်ငံပိုင် ဒိုဒါရှန်ရုပ်မြင်သံကြားဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါဒုံးပျံယာဉ်သည် ဆရီဟာရီကိုတာ ဒုံးပျံယာဉ်လွှတ်တင်ရေးစခန်းမှ စတင်ပျံတက်အပြီး အချိန်အနည်းငယ်အတွင်း မီးလောင်ပေါက်ကွဲသွားကြောင်း ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။ ယင်းဒုံးပျံယာဉ်လွှတ်တင်ရေးစခန်းသည် ချန်နိုင်းမြို့မှ မိုင် ၅၀အကွာတွင် တည်ရှိသည်။

ဂြိုဟ်တုလွှတ်တင်သော ဒုံးပျံယာဉ် (ဂျီအက်စ်အယ်လ်ဗွီ) သည် စတင်ပျံတက်အပြီး စက္ကန့်ပိုင်းအကြာတွင် လမ်းကြောင်းမှသွေဖည်ကာ ပေါက်ကွဲမှုဖြစ်ပွားပြီး ပြိုကွဲပျက်စီးသွားကြောင်း ယူအင်န်အိုင်သတင်းဌာနက ထုတ်ပြန်သည်။

ဂျီအက်စ်အယ်လ်ဗွီ ဒုံးပျံယာဉ်ကို ကနဦးအားဖြင့် ဒီဇင်ဘာ ၂၀ရက်တွင် လွှတ်တင်ရန် အစီအစဉ်ရှိခဲ့သည်။ သို့ရာတွင် ယင်းဒုံးပျံယာဉ်၏ အင်ဂျင်စက်တစ်လုံး၌ ယိုပေါက်တစ်ခုကို အင်ဂျင်နီယာများက ရှာဖွေတွေ့ရှိခဲ့သဖြင့် ဒုံးပျံလွှတ်တင်သည့် အစီအစဉ်ကို ဒီဇင်ဘာ ၂၅ရက်သို့ ရွှေ့ပြောင်းခဲ့သည်။

ဒုံးပျံယာဉ်လွှတ်တင်မှု မအောင်မမြင်ဖြစ်ရခြင်းနှင့် ပတ်သက်၍ အိန္ဒိယ အာကာသသုတေသနအဖွဲ့၏ တာဝန်ရှိသူများက ချက်ချင်းဝေဖန်ပြောဆိုခြင်းမရှိပေ။ အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့် ဇူလိုင်လက ဂြိုဟ်တု ငါးလုံးကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ **အင်တာနက်။**

ကမ္ဘာပတ်လမ်းကြောင်းများအတွင်းရှိ အာကာသအမှိုက်များ အန္တရာယ်ကြီးသည့်ခြိမ်းခြောက်မှုဖြစ်လာ

နယူးယောက် ဒီဇင်ဘာ ၂၅ - အာကာသလုံခြုံရေး အစီရင်ခံစာ(၂၀၁၀)၏ အဆိုအရ ယခင်က မပြောပလောက်သည့် ပြဿနာအဖြစ် ထင်မြင်ခဲ့ကြသည့် အာကာသအမှိုက်သရိုက်များသည် ယခုအခါ အပြည့်အဝခြိမ်းခြောက်နိုင်သော အန္တရာယ်တစ်ရပ်ဖြစ်လာကြောင်း ဒီဇင်ဘာ ၂၃ရက် သတင်းများတွင် ဖော်ပြသည်။

ပျက်စီးသွားသော ဂြိုဟ်တုများ၏ အပိုင်းအစများ၊ ဒုံးပျံ အစိတ်အပိုင်းများနှင့် အာကာသအတွင်းထွက်၍ အလုပ်လုပ်သော အာကာသယာဉ်မှူးများ၏ ပျောက်ဆုံးသွားသော ကိရိယာတန်ဆာပလာများအပါအဝင် အာကာသအမှိုက်အစအန ထောင်ပေါင်းများစွာတို့သည် ကမ္ဘာပတ်လမ်းကြောင်းထဲ၌ စုဝေးလှည့်ပတ်နေကြောင်း အာကာသလုံခြုံရေးအစီရင်ခံစာတွင် ဖော်ပြထားသည်။

အာကာသအမှိုက်များနှင့် လုပ်ငန်းတာဝန်ထမ်းဆောင်ဆဲ အာကာသယာဉ်များ ဝင်တိုက်မိပါက ပျက်စီးမှုကြီးမားစွာ ပေါ်ပေါက်ပြီး ယင်းအာကာသအမှိုက်များ ကမ္ဘာမြေပေါ်သို့ ပြန်ကျလာပါကလည်း မြေပေါ်ရှိလူများနှင့် ၎င်းတို့၏ အကျိုးစီးပွားများကိုဘေးအန္တရာယ်ဖြစ်စေနိုင်မည်ဟု ဆိုသည်။ အဆိုပါ အာကာသအမှိုက်များသည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်သည့်အခြေအနေတွင်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန အာကာသစူးစမ်းထောက်လှမ်းရေးကွန်ရက်၏ လေ့လာချက်အရ ကမ္ဘာပတ်လမ်းကြောင်းများအတွင်း လေးလက်မထက်ကြီးသော အာကာသအမှိုက်အစအန ၂၁၀၀၀ကျော်ရှိပြီး သုည ဒသမ ၄ လက်မအောက်ငယ်သော အမှိုက်အစအနပေါင်းမှာ ၃၀၀၀၀၀ကျော်ရှိကြောင်း သိရသည်။ ယင်းအရေအတွက်များထဲ၌ အာကာသအမှိုက်အမှုန်အမွှား သန်းပေါင်းများစွာကို ထည့်သွင်းထားခြင်းမရှိပေ။ **အင်တာနက်။**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ၂၀၀၇ ခုနှစ်က ကျဆင်းခဲ့သော ဒယ်လ်တာ-၂ ဒုံးပျံမှ အစိတ်အပိုင်းတစ်ခု။

ပါကစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲမှုကြောင့် ၄၀ ကျော် သေဆုံး

အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)၏ ရိက္ခာ ဖြန့်ဝေရေးစခန်းတစ်ခု၌ ရိက္ခာများရယူရန် စုရုံးနေကြသော လူအုပ်ကို အမျိုးသမီးအသေခံ ဗုံးခွဲသမားတစ်ဦးက စနေနေ့တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၄၃ဦး သေဆုံး၍ ဒါဇင်ပေါင်းများစွာ ဒဏ်ရာရခဲ့ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံအတွင်း အမျိုးသမီးတစ်ဦးက ပထမဆုံးလုပ်ဆောင်သော အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်နိုင်ဖွယ်ရှိသည်။

ပါကစ္စတန်စစ်ဘက်က လူမျိုးစုဒေသများ၌ စစ်သွေးကြွများကို ထိုးစစ်များ ဆင်နွှဲလျက်ရှိသော်လည်း ယင်းစစ်သွေးကြွများက ပြန်လည်တုံ့ပြန်နိုင်စွမ်းရှိနေသေးကြောင်း အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုက ဖော်ညွှန်းနေသည်ဟု ဆိုသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အာဖဂန်နယ်စပ်အနီးရှိ ဘာဂျားဒေသ ခါးမြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းဒေသ၌ တာလီဘန်နှင့် အယ်လ်ခိုင်ဒါအဖွဲ့များအပေါ် အောင်ပွဲရ ယူနိုင်ပြီဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်က နှစ်ကြိမ်တိုင် ကြေညာခဲ့ဖူးသည်။

ဗုံးခွဲသမားသည် ရိုးရာအမျိုးသမီးဝတ်ခြုံထည်ကို ဝတ်ဆင်ထားပြီး စားနပ်ရိက္ခာဖြန့်ဝေရေး စခန်းဂိတ်ပေါက်ဝရှိ လူအုပ်ကို လက်ပစ်ဗုံးနှစ်လုံးဖြင့် ဦးစွာပစ်ပေါက် တိုက်ခိုက်ခဲ့ပြီးနောက် ၎င်းကိုယ်၎င်း အသေခံဗုံးခွဲခဲ့ခြင်းဖြစ်ကြောင်း ဘာဂျားဒေသ ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၂၀ ကျော် ဒဏ်ရာရခဲ့ပြီး အနည်းဆုံး ၃၀ ခန့်မှာ စိုးရိမ်ဖွယ် အခြေအနေရှိကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ **အေပီ။**

ပစိဖိတ်ငလျင်ကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်

ဆစ်ဒနီ ဒီဇင်ဘာ ၂၅ - ပစိဖိတ်သမုဒ္ဒရာ ရေအောက်ကြမ်းပြင်အောက်တွင် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၆ အဆင့်ရှိငလျင်တစ်ခုလှုပ်ရှားခဲ့ရာ ဗင်နွာတူကျွန်းစုနိုင်ငံ၊ နယူးကယ်လီဒိုးနီးယားကျွန်းစုနှင့် ဖီဂျီကျွန်းစုနိုင်ငံတို့အတွက် ဆူနာမီဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ပေးခဲ့ကြောင်း ဟာဝိုင်ယီကျွန်းအခြေစိုက် ပစိဖိတ်ဒေသဆူနာမီအန္တရာယ်သတိပေးရေးဌာနက ယနေ့ပြောကြားသည်။

အဆိုပါ ဆူနာမီသတိပေးချက်သည် ဗင်နွာတူ၊ နယူးကယ်လီဒိုးနီးယားနှင့် ဖီဂျီကျွန်းစုဒေသများအတွက်သာ အကျုံးဝင်ကြောင်း၊ ငလျင်၏ ပြင်းအားပမာဏသည် အဖျက်စွမ်းအားကြီးမားသော ဆူနာမီရေလှိုင်းများကို ဖြစ်ပေါ်စေနိုင်သည့် အလားအလာရှိကြောင်း ပစိဖိတ်ဒေသဆူနာမီအန္တရာယ်သတိပေးရေးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ဆူနာမီရေလှိုင်းများအန္တရာယ်ကို ပြန်လည်တုံ့ပြန်နိုင်ရန် ဒေသတွင်းအာဏာပိုင်များအနေဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ထားသင့်ကြောင်း ကြေညာချက်တွင် သတိပေးထားသည်။ ငလျင်သည် ဗင်နွာတူကျွန်းစု ကမ်းလွန်မြေအောက်အနက် ၃၃ ကီလိုမီတာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ပြင်သစ်နိုင်ငံလုပ် မစ်ထရေးအတန်းအစား စစ်သင်္ဘောနှစ်စင်း ရုရှားဝယ်ယူမည်

ပါရီ ဒီဇင်ဘာ ၂၅ - ကာလကြာရှည်စွာ ချီတုံချတုံဖြင့် ခက်ခက်ခဲခဲ ညှိနှိုင်းခဲ့ပြီးနောက် ပြင်သစ်နိုင်ငံမှ အဆင့်မြင့်နည်းပညာသုံး မစ်ထရေး အတန်းအစား စစ်သင်္ဘော အနည်းဆုံး နှစ်စင်းကိုဝယ်ယူရန် ရုရှားနိုင်ငံက ဆုံးဖြတ်ခဲ့ကြောင်း ဒီဇင်ဘာ ၂၅ရက် သတင်းများတွင် ဖော်ပြသည်။

မစ်ထရေးအတန်းအစား စစ်သင်္ဘောများကို ရုရှားနိုင်ငံက ဝယ်ယူရန်ဆုံးဖြတ်ခဲ့ခြင်းသည် အနောက်အုပ်စုနှင့် ရုရှားအကြား မမျှော်လင့်သော စစ်ဘက်ဆိုင်ရာ အရောင်းအဝယ်တစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသည့် စစ်သင်္ဘောများရောင်းချရေး သဘောတူညီချက်ကို ပြင်သစ်နှင့် ရုရှားအစိုးရတို့က ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံလုပ် မစ်ထရေးအတန်းအစား ရဟတ်ယာဉ်တင်သင်္ဘောများအား ဝယ်ယူရန်ဆုံးဖြတ်ခြင်းသည် ခေတ်သစ်သမိုင်း၌ ရုရှားနိုင်ငံအနေဖြင့် ၎င်း၏ အဓိကကာကွယ်ရေးလိုအပ်ချက်ကို ပြည်ပမှပထမဆုံးအကြိမ် မှာယူဖြည့်တင်းခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းအပြင် ပြင်သစ်နိုင်ငံက မစ်ထရေးစစ်သင်္ဘောများကို ရုရှားနိုင်ငံသို့ ရောင်းချရန်ကြိုးပမ်းခဲ့ခြင်းသည် စစ်အေးတိုက်ပွဲကာလ ရန်ဘက်နှစ်နိုင်ငံအကြား ဆက်ဆံရေးလျင်မြန်စွာ ဖြစ်ထွန်းလာသည့် လက္ခဏာကိုလည်း ပြသလျက်ရှိသည်။

ရုရှားနှင့် ပြင်သစ်နိုင်ငံတို့အကြား မစ်ထရေး ရဟတ်ယာဉ်တင်စစ်သင်္ဘောများ ရောင်းဝယ်ရေးကိစ္စကို ၂၀၀၈ခုနှစ် ဩဂုတ်လအတွင်း ရုရှားနိုင်ငံနှင့် ရေတိုစစ်ပွဲတစ်ရပ်ဖြစ်ပွားခဲ့ဖူးသော ဂျော်ဂျီယာနိုင်ငံက အပြင်းအထန် ကန့်ကွက်ခဲ့သည်။

ပြင်သစ်နှင့် ရုရှားအကြား စစ်သင်္ဘောအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ရေငုံနှုတ်ပိတ်နေသည်။ **အင်တာနက်။**

ရုရှားနိုင်ငံက ဝယ်ယူမည့် ပြင်သစ်လုပ် မစ်ထရေး အတန်းအစား ရဟတ်ယာဉ်တင် စစ်သင်္ဘော။

နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ထုဆစ်ပေးနေကြသည့် ဆရာ၊ ဆရာမများ မူဝါဒများနှင့် အမျိုးသားရေးမျှော်မှန်းချက်များကို ပိုမိုသိမြင်နိုင်စေရေး စည်းရုံးဦးဆောင်

နေပြည်တော် ဒီဇင်ဘာ ၂၅

အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွန်မံသင်တန်း အမှတ်စဉ် (၃၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်နှင့်ကထိက ဆရာ၊ ဆရာမများ ၊ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် မိမိတို့မျှော်မှန်းတည်ဆောက်နေသည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ရေရှည်တည်တံ့ ခိုင်မြဲစေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ကြွယ်ဝချမ်းသာစေရန်၊ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် ဖော်ဆောင်ပေးနိုင်မည့် အရည်အသွေးနှင့် အရည်အချင်းမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ ပြည့်စုံပိုင်ဆိုင်စေရေးကို ပညာရေးကဏ္ဍက လေ့ကျင့်မွေးထုတ်ပျိုးထောင်ပေးရန်လိုအပ်ကြောင်း။

ဤလိုအပ်ချက်များနှင့်အညီ နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀)နှစ်ရှည် စီမံကိန်းကို ရေးဆွဲပြီး နှစ်တိုစီမံကိန်းများ၊ လုပ်ငန်းစဉ်များဖြင့် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့အား စနစ်တကျချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့အချိန်ကာလတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများအရ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး နယ်ပယ်အသီးသီးတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများကို မဖြစ်မနေ ရယူအသုံးပြုနိုင်ရန် လိုအပ်လျက်ရှိရာ နိုင်ငံတော်၏ အစီအစဉ်ဖြင့် အီလက်ထရွန်နစ် သတင်းအချက်အလက် ထုတ်လွှင့်မှုစနစ်ကို ထူထောင်ပြီး တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်းများ၌ e-Education Learning Center များကို ဖွဲ့စည်းပေးခဲ့သဖြင့် ပညာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဘာသာရပ်သင်ခန်းစာများကို အလွယ်တကူဖမ်းယူလေ့လာနိုင်ကြပြီဖြစ်ကြောင်း။

ထို့အပြင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းအချို့၌ Internet ချိတ်ဆက်အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ အဓိကအားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်ပျိုးထောင်ပေးနေသော ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများသည် ကမ္ဘာနှင့်အဝန်း၊ အချိန်နှင့်အမျှ တိုးတက်ပေါ်ထွန်းနေသော ခေတ်မီနည်းပညာရပ်များကို လက်လှမ်းမီလာပြီး သင်ကြားသင်ယူမှုလုပ်ငန်းများတွင် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ရယူအသုံးပြုသင်ကြားပေးနိုင်နေကြပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် မျက်မှောက်ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်စေရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရန်သာမက ဝိဇ္ဇာပညာရပ်များလည်း ဟန်ချက်ညီညီတိုးတက်မြင့်မားလာစေရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝိဇ္ဇာပညာရပ်များ တိုးတက်ထွန်းကားပြီး အသိပညာရှင်များ ခေတ်ကာလနှင့် တစ်ပြေးညီ ပေါ်ထွန်းနေပါမှလည်း မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများကို ကောင်းဆိုး၊ မှန် မှား အကျိုးအပြစ်တို့ကို ဝေဖန်ပိုင်းခြား ချင့်ချိန်နိုင်သည့် အသိဉာဏ် အမြော်အမြင် ဆင်ခြင်တုံတရားနှင့် ပြည့်ဝစေမည်ဖြစ်ကြောင်း။

ပြည်သူအများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မြင့်မားပြီး ကောင်းဆိုး၊ မှန် မှား ချင့်ချိန်နိုင်ပါမှ မြန်မာ့လူ့ဘောင် အသိုင်းအဝိုင်းတွင် တရားမဲ့ပြုကျင့်မှုများ၊ ဥပဒေ စည်းကမ်းဖောက်ဖျက်မှုများ ကင်းရှင်းသည့် တည်ငြိမ်အေးချမ်းပြီး သာယာမျှတသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် မိမိတို့၏ ပညာရပ်ဆိုင်ရာ စွမ်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို မြှင့်တင်ပေးလိုသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ရှင်သန်ခိုင်မာနေစေရန် ပညာရေးကဏ္ဍက လေ့ကျင့်ပျိုးထောင်ပေးထားနိုင်မှသာ မိမိတို့နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ယှဉ်တွဲဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသာယာဝပြောစွာဖြင့် အဓွန့်ရှည် တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ကြောင်း။

အခြေခံပညာ ဆရာ၊ဆရာမများသည် အနာဂတ်အတွက် အရေးအပါဆုံး အရင်းအမြစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူလူငယ်များကို နိုင်ငံတော်၏ မျှော်မှန်းချက်များ၊ အစီအမံများနှင့်အညီ ထူးချွန်ပြောင်မြောက်စွာ ပေါ်ထွန်းလာစေရန် ပြုစုပျိုးထောင်ပေးနေကြသူများ ဖြစ်သည့်အလျောက် အနာဂတ်နိုင်ငံတော်ကို ပုံဖော်ပေးနေကြသည့် လူမှုရေးဗိသုကာများအဖြစ် နိုင်ငံတော်အစိုးရက ခံယူထားရှိကြောင်း။

နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ထုဆစ်ပေးနေကြသည့် ဆရာ၊ ဆရာမများ အနေဖြင့် ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများ တက်ရောက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ပြည်သူများအကျိုး ဦးတည်ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေမှန်များ၊ သမိုင်းကြောင်းအခြေခံများ၊ ရှေ့အနာဂတ်အလားအလာများ၊ မူဝါဒများနှင့် အမျိုးသားရေး မျှော်မှန်းချက်များကို ပိုမိုရှင်းလင်းစွာ သိမြင်နိုင်ကြပြီဖြစ်၍ မိမိတို့တာဝန်ထမ်းဆောင်ရာ ဒေသရှိ ပြည်သူများ ရှင်းလင်းစွာသိမြင်လာစေရန် ကျောင်းသား၊ ကျောင်းသူလူငယ်များ သိမြင်သဘောပေါက်စေရန် အထူးသဖြင့် အပြုသဘောနှင့် အဖျက်သဘော၊ အကျိုးနှင့် အပြစ်၊ တည်ဆောက်မှုနှင့် ဖျက်ဆီးမှုတို့၏ သဘောသဘာဝ ကွဲပြားခြားနားမှုများကို သိမြင်နားလည်စေရေး စည်းရုံးဦးဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက သင်တန်းသား စံပြဆုရ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းငယ်ရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြဆရာ ကသအမှတ် အက်(ဖ်)-၄၀-ဦးဇော်မျိုးအောင်အားလည်းကောင်း၊ သင်တန်းသူစံပြဆုရ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇီးဖြူပင်ရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြ ဆရာမ ကသအမှတ် အေ-၂၁၈-ဒေါ်အေးယုရွှေအား လည်းကောင်း၊ သင်တန်းသား ဇွဲလုံ့လဆုရ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပေါက်ပင်ကွေ့ရွာ အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာ ကသအမှတ် အက်(ဖ်)-၄၉-ဦးဘုန်းဆင့်သန်းအားလည်းကောင်း၊ သင်တန်းသူ ဇွဲလုံ့လဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်လောင်းရွာ အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ကသအမှတ် ဘီ-၆၇-ဒေါ်စန်းစန်းနွယ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ကသအမှတ် ဒီ-၁၄၃-ဒေါ်ရွယ်နောင်းတို့အားလည်းကောင်း၊ စံပြအဆောင်ဆုများ ရရှိကြသည့် သင်တန်းသား တပ်ခွဲ အဆောင်(၃) အမျိုးသားအမှတ်(၁)တပ်ခွဲနှင့် သင်တန်းသူ တပ်ခွဲ အဆောင်(၇) အမျိုးသမီး အမှတ်(၅)တပ်ခွဲတို့အားလည်းကောင်း ဆုများချီးမြှင့်ပြီး တပ်ခွဲအလိုက် သင်တန်းသား၊ သင်တန်းသူ ခေါင်းဆောင်များအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယခုဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသား ၂၂၀၊ သင်တန်းသူ ၁၂၇၅ ဦး စုစုပေါင်း ၁၄၉၅ဦးတို့ တက်ရောက်သင်ကြားခဲ့ကြပြီး သင်တန်းကာလမှာရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ကိုယ်စား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ သင်တန်းသားစံပြဆုရ ရေစကြိုမြို့နယ် ပခန်းငယ်ရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြဆရာ ဦးဇော်မျိုးအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၁၂-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၁၅ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၁၆)**
- ၁၁း၂၅ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာတရားဖြင့် နေပျော်ကျေနပ်စေ**
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ အပိုင်း-၂၇**
- ၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၂း၅၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၇။ လျှပ်တစ်ပြက်
- ၄း၃၅ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၅ ၉။ မြန်မာ့ရှုခင်း
- ၄း၅၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ ၁၁။ ဒီဗိုင်နာတို့ရဲ့ဒီဗိုင်း
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ဘဝကြေးမုံ **-အတွင်းလူ** (မေသက်ခိုင်၊ ခိုင်ပွင့်၊ ဦးဝင်းမြင့်) (ဒါရိုက်တာ-အာယု)
- ၆း၅၀ ၁၅။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၄၀)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၄၀)**
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၁၄)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

CHAMPION CONSTRUCTION Materials Co., Ltd. YANGON EXPO -2010 တွင် ပါဝင်ပြသ

ရန်ကုန် ဒီဇင်ဘာ ၂၅

Champion Construction Materials Co., Ltd. သည် ဒီဇင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဖွင့်လှစ်ပြသသည့် YANGON EXPO-2010 တွင် Sponsor အဖြစ် အခြား Expo များနှင့်မတူ တစ်မူထူးခြားစွာ ခင်းကျင်းပါဝင်ပြသလျက်ရှိသည်။

Naing Group Co., Ltd. သည် Champion အိမ်အလှဆင်နှင့် ရေချိုးခန်းသုံး အဆင့်မြင့်ပစ္စည်းများကို ထုတ်လုပ်ခဲ့ပြီး အရှေ့တောင်အာရှတွင် နာမည်ကျော် လူကြိုက်များသော Malaysia နိုင်ငံထုတ် White Horse တံဆိပ် အိမ်အလှဆင်ကြွေပြားနှင့် ကျောက်ပြားများ၊ ရေမပေါက်သော China ကြွေပြား Design မျိုးစုံ၊ Thailand မှ ထုတ်လုပ်သော Champion Brand Steel Tank & Plastic Tank များ၊ အရည်အသွေးမြင့်ပြီး Design စုံလင်သည့် Champion Steel Sink များ၊ Singapore နိုင်ငံထုတ် Champion PVC & ABS Door များ၊ ခိုင်ခံ့လှပသော အရည်အသွေးမြင့် Champion Stainless Steel Door & Steel Security Door များ၊ ခေတ်မီခံ့ညားသော Champion PVC, Steel Wooden, Solid Wood & Malamine Interior door များ၊ Champion Aluminium item မျိုးစုံ၊ Champion Elevator, Asia Brand Image အမြင့်မားဆုံးရရှိထားသည့် Decobay Shower Cabin နှင့် Shower Screen၊ ဈေးနှုန်းချိုသာသော Quality မြင့် Design သစ် Champion Shower Enclosure များ၊ နူးညံ့သောရေ၏ အထိအတွေ့ကို ပေးနိုင်သည့် Champion 2 ways Shower Set & Faucet များ၊ အရည်အသွေးမြင့် ဈေးနှုန်းသင့်ပြီး Colour စုံလင်သည့် Champion Toilet & Basin, ကမ္ဘာ့အဆင့်မီ Jahnson Suisse Toilet & Basin၊ ခိုင်ခံ့သပ်ရပ်ပြီး Design ဆန်းသစ်သော Champion Hand Spray နှင့် Bathroom Accessory မျိုးစုံ၊ Customer စိတ်ကြိုက် Design မျိုးစုံ ရွေးချယ်နိုင်သော Quality မြင့် Champion Bathtub များကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ပြပွဲလာရောက်လေ့လာ ဝယ်ယူသူများအတွက် Champion Product တိုင်းကို ၁၀ရာခိုင်နှုန်းမှ ၃၆ရာခိုင်နှုန်းအထိ Discount ပေးခြင်း၊ ဝယ်ယူထားသော ပစ္စည်းတန်ဖိုး၏ ၁ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ Lucky Draw ကိုယ်တိုင်ကံစမ်းရွေးချယ်ခွင့်တို့အပြင် X' mas Present အဖြစ် High Quality Champion Towel, 2011 Champion Table & Wall Calender များပေးခြင်း အစီအစဉ်များဖြင့် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

ပြပွဲနောက်ဆုံးရက် ဒီဇင်ဘာ ၂၆ ရက်အထိ CCM Mall I, အမှတ်(၂) မိုးကောင်းလမ်း စကားဝါအိမ်ရာ ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၄၀၀၅၆၂ နှင့် ၄၀၀၅၆၃၊ CCM Mall II, အမှတ်(၄၀၈) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၂၉၀နှင့် ၇၃၁၂၀၂၆၂၊ CCM Mall Mandalay, အမှတ်(၂၅၅) (၃၅)လမ်း လမ်း(၈၀)နှင့်(၈၁)လမ်းကြား ရတနာဘူမိ(အရှေ့အရပ်) မဟာအောင်မြေမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၇၀၃နှင့် ၀၂-၉၁၀၀ ၈၁၉၇၊ CCM Mall - Naypyitaw, အမှတ်(၃၀၅၉)ရာဇဌာနီလမ်း ပေါင်းလောင်း (၂)ရပ်ကွက် နေပြည်တော် ဖုန်း-၀၆၇-၂၂၂၉၇ နှင့် ၀၉-၄၉၃၁၅၄၆၃ တို့တွင်လည်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့သာသနာ ဂုဏ်အင်္ဂါ (၇)ရပ်

အမြင့်ဆုံး သံဃာ့အဖွဲ့ကြီး

မြန်မာနိုင်ငံအတွင်းရှိ သံဃာငါးသိန်းကျော်တို့က အဆင့်ဆင့် ရွေးချယ်တင်မြှောက်ထုံးနှင့်အညီ ရွေးချယ်တင်မြှောက်သဖြင့် ဖြစ်ထွန်းလာသည့် အမြင့်ဆုံးသော သံဃာ့အဖွဲ့အစည်းကြီးမှာ "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့" ဖြစ်ပါ၏။

၁၉၈၀ ပြည့်နှစ်တွင် စတင်ဖြစ်ထွန်းလာခဲ့သဖြင့် ယနေ့ကာလဝယ် နှစ်သုံးဆယ်ပုလဲရတုအတွင်း ချင်းနင်းဖြတ်သန်းလာကာ ရှေ့ဆက်ပြီး မြန်မာတည်သရွေ့ သာသနာတည်နေရန် ထက်သန်ပြင်းပြစွာ ဦးဆောင်လျှောက်လှမ်းနေသည့် သံဃာ့အဖွဲ့ကြီးလည်းဖြစ်ပါ၏။

လွန်ခဲ့ပြီးသော ၁၉၈၀ ပြည့် အကြိုကာလများအတွင်း မြန်မာ့သာသနာ့ရေးရာများ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ပွားလျက်ရှိနေခြင်းအပေါ် နိုင်ငံတော်ခေါင်းဆောင်များနှင့် သာသနာ၌ နေလသဖွယ်ထင်ရှားသော ဆရာတော်များ၏ အနာဂတ်သာသနာရေး အလေးဂရုပြုဆောင်ရွက်မှုများအရ "သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး" ဖြစ်ထွန်းလာပြီး ယင်း၏ ရလဒ်များအဖြစ် ရပ်ကွက်၊ ကျေးရွာ၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ နိုင်ငံတော်ဟူ၍ အဆင့်ဆင့်သော သံဃာ့ဝန်ဆောင်အဖွဲ့များ၊ သံဃာ့နာယကအဖွဲ့များ ဖြစ်ထွန်းလာကာ စနစ်တကျ ကောင်းမွန်သော နိုင်ငံတော်သံဃနာယကအဖွဲ့ကြီး ပေါ်ထွန်းလာခြင်း ဖြစ်ပါသည်။

ကျေးရွာအဆင့်ကို အခြေခံပြီး ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ ကျောင်းထိုင်ဆရာတော်တိုင်းကို ကျေးရွာသံဃာ့ဝန်ဆောင်ဆရာတော်များအဖြစ် သတ်မှတ်လျက် ထိုကျေးရွာ သံဃာ့ဝန်ဆောင်ဆရာတော်များထဲမှ အနည်းဆုံး တစ်ပါး၊ အများဆုံး ငါးပါးကို အချင်းချင်းရွေးချယ်ကာ ကျေးရွာသံဃနာယကအဖွဲ့ ဖွဲ့စည်း၍ ထိုအဖွဲ့က ကျေးရွာသာသနာရေးရာနှင့်စပ်လျဉ်းပြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးကို ဦးတည်ဆောင်ရွက်ရသည့် ပြည့်စုံကုံလုံသော စနစ်ဖြစ်ပါသည်။

ယင်းနည်းတူ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး၊ နိုင်ငံတော်ဟူ၍ အဆင့်ဆင့်ရွေးချယ်ကြရသည့်အတိုင်း နိုင်ငံတော်အဆင့်ဝယ် ပထမဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များကို ရွေးချယ်ခန့်အပ်ကြရပြီး ယင်းနိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များထဲမှ သင့်လျော်သည့် ဆရာတော်များကို ထပ်မံရွေးချယ်ကာ "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့" ကို ဖွဲ့စည်းခြင်း ဖြစ်ပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးကို အဖွဲ့ခွဲသုံးဖွဲ့ထားရှိပြီး တစ်ဖွဲ့ ၁၅ ပါးဖြင့် စုစုပေါင်း ၄၅ ပါးအပေါ် ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော် နှစ်ပါး ပေါင်းစည်းကာ ၄၇ ပါးဖြင့် ဖွဲ့စည်းထားရှိ၍ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ နိုင်ငံတော်သံဃမဟာနာယကကျောင်းတော်ကြီး၌ အဖွဲ့ခွဲတစ်ဖွဲ့လျှင် လေးလတာ သီတင်းသုံးလျက် ကျယ်ပြန့်နက်ရှိုင်းသော သာသနာ့တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်တော်မူကြရပါသည်။ လေးလပြည့်လျှင် အခြားအဖွဲ့ခွဲတစ်ဖွဲ့သို့ တာဝန်များလွှဲပြောင်းပေးအပ်ရင်း ၄၇ ပါး စုံညီအစည်းအဝေးကျင်းပကာ ဥက္ကဋ္ဌဆရာတော်၏ ဦးဆောင်မှုအောက်ဝယ် သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေး အားပေးပံ့ထောက် စောင့်ရှောက်ညွှန်ကြားလျက်ရှိသည့် သာသနာရေးရာ အမြင့်ဆုံးအဖွဲ့ကြီး ဖြစ်ပါသည်။

အစည်းအဝေးပွဲကြီး

၂၇-၁၁-၂၀၁၀ ရက်စွဲ၌ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေးကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာဝယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အရှင်မြတ် မိန့်ကြားတော်မူအပ်သော သာရဏီယဩဝါဒကထာကို ပြန်ကြားရေးဝန်ကြီးဌာနက သတင်းစာများ၌ ဖော်ပြပေးသဖြင့် ရဟန်းရှင်လူများအဖို့ ကြည်ညိုမြတ်နိုးစွာ ဖတ်ရှုသိရှိကြရခြင်းအပေါ် ဤဆောင်းပါးဖြင့် ထပ်ဆင့်ပူဇော်ပါသည်။

ရတနာစည်ဆရာတော်(လှိုင်လင်)

သတင်းခေါင်းစီး

ယင်းသာရဏီယဩဝါဒကထာကို ဖော်ပြရာ၌ ၂၈-၁၁-၂၀၁၀ ရက်စွဲ မြန်မာ့အလင်းသတင်းစာက "သာသနာတော်သန့်ရှင်းရေး၏ အဓိကအကြောင်းရင်းဖြစ်သော အဓမ္မဝါဒများ မပြန့်ပွားရေး ပြင်းပြထက်သန်သော ဇွဲလုံ့လဖြင့် ဆောင်ရွက်"ဟု ခေါင်းစီးတပ်ပေးပြီး ကြေးမုံသတင်းစာက "ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်သံဃနာယကအဖွဲ့များ၊ သာသနာရေးမှူးများထံ သေချာစွာစုံစမ်းပြီးမှသာ ခွင့်ပြုသင့်"ဟု ခေါင်းစီးတပ်ပေးထားသည်မှာ နိုင်ငံပိုင်မီဒီယာတို့၏ စွမ်းရည်တစ်ရပ်ဖြစ်ပါ၏။

ပထမခေါင်းစီးဖွင့်ဆိုချက်

ပထမခေါင်းစီးနှင့်စပ်လျဉ်းသည့် ဩဝါဒကထာကို လေ့လာသည့်အခါ ယခင် ၁၉၈၀ ပြည့်ကြိုနှစ်များအတွင်းက သာသနာ၌ ရှုပ်ထွေးစွာဖြစ်ပေါ်နေသည့် လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒ၊ ရွှေအဘိဓမ္မာဝါဒဟူသော ဘုရားဟော ယောင်ယောင်၊ သိပ္ပံပညာယောင်ယောင် အတုအယောင်ဝါဒများကို လည်းကောင်း၊ ကျောက်ပုံတောရကမ္မဋ္ဌာဝိပဿနာဝါဒ၊ ကျောက်သဘော်ဝါဒ၊ ကြောင်ပန်းတောရဝါဒစသည့် ဝိပဿနာယောင်ယောင်၊ စိတ်ညှို့ပညာယောင်ယောင် လူပြိန်းကြိုက် အောက်ခြေလွတ် အတုအယောင်ဝါဒများကိုလည်းကောင်း "အဓမ္မဝါဒ"ဟုဓမ္မဝိနယနှင့်အညီ ဝိနိစ္ဆယဖြင့် ဆုံးဖြတ်ထားပြီး ဖြစ်သော်လည်း ယခုအခါ ပုန်းလျှိုးကွယ်လျှိုး တိုးတိုးတိုးတိုး နှုတ်ဖြင့်တစ်ဖုံ၊ တရားမဝင်ရိုက်နှိပ်သော စာရွက်စာတမ်း စာအုပ်ဖြင့်တစ်နည်း၊ တရားပွဲများ၌ အတိအလင်းဖြစ်စေ၊ အကြားအကြား၌ ကြားညှပ်လျက်ဖြစ်စေ ဟောပြောခြင်းဖြင့် တစ်မျိုး စသည် စသည် နည်းမျိုးစုံသုံးကာ အဓမ္မဝါဒကို ပြန်လည်အသက်သွင်းလျက် ရှိနေသော အနေအထားအပေါ် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်က ယင်းအဓမ္မဝါဒများကြောင့် သာသနာတော်ရှုပ်ထွေးမလာစေရန်၊ ခေါင်းထောင်ထမလာနိုင်ရန် အဓမ္မဝါဒမပြန့်ပွားရန်အတွက် ဩဝါဒပေးတော်မူခြင်းဖြစ်ကြောင်း သုံးသပ်ရပါသည်။

သာသနာတော်သန့်ရှင်း(စင်ကြယ်)ရေးဦးတည်ချက်အရ ဓမ္မသန့်ရှင်းရေး၊ ပုဂ္ဂလသန့်ရှင်းရေးဟု နှစ်ပိုင်းပါဝင်နေရာ သိက္ခာမတင် သိမ်မဝင်ဘဲ မိမိဘာသာ သင်္ကန်းဝတ်၍ အလှူခံစားနေသော ရဟန်းတု၊ ရဟန်းယောင်များ၊ သိက္ခာပုဒ်ပညတ်တော်တို့ကို ကျင့်သုံးခြင်းမရှိဘဲ ဘုရားရှင်စက်ဆုပ်တော်မူသည့် ဗုဒ္ဓပဋိကုဋ္ဌဂိဟိကမ္မတို့ကို ပြုလုပ်နေကြသော အလဇ္ဇီ ဒုဿီလရဟန်းဆိုးများကို ဓမ္မစက်၊ အာဏာစက်တို့ဖြင့် သန့်စင်ပစ်ခြင်းများလည်း ပါဝင်ပါသည်။

ယင်းနည်းတူ သာသနာတော်တည်တံ့(ခိုင်မြဲ)ရေး ဦးတည်ချက်အရ ပရိယတ္တိစာပေများသင်ကြားပို့ချရေး၊ ပရိယတ္တိနှင့် လျော်ညီစွာသာ တရားဓမ္မများဟောပြောရေး၊ ပြသရေး၊ သာသနာတော်ပြန့်ပွား (ထွန်းကား)ရေး ဦးတည်ချက်အရ ပရိယတ္တိစာပေများကို ခေတ်မီနည်းစနစ်များဖြင့် သင်ကြားပို့ချရေး၊ ပြည်တွင်းပြည်ပသာသနာပြုကိစ္စများ တိုးတက်အောင်ဆောင်ရွက်ရေးစသည်ဖြင့် သာသနာတော်အတွက် ဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့ကို ပြင်းပြထက်သန်သော ဇွဲလုံ့လဖြင့် မဖြစ်မနေ ဆောင်ရွက်တော်မူနေကြရမည် ဖြစ်ပါကြောင်း ဩဝါဒကထာက ဖော်ညွှန်းပါသည်။

ဒုတိယခေါင်းစီးဖွင့်ဆိုချက်

ဒုတိယခေါင်းစီးနှင့် စပ်လျဉ်း၍မူ ဥက္ကဋ္ဌဆရာတော်၏ ဩဝါဒ အပြည့်အစုံကို ထုတ်နုတ်ပူဇော်ပါမည်။

"ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ယခုအချိန်အခါတွင် အချို့အဓမ္မဝါဒီများသည် မိမိတို့၏ အဓမ္မဝါဒများကို အတိအလင်းဖြစ်စေ၊ အကြားအကြား၌ ကြားညှပ်လျက်ဖြစ်စေ ဟောကြားပြသနေသည်များမှာ တစ်စတစ်စဖြင့် များပြားလာသည်ကို ကြားသိနေရပါသည်။ ထိုအဓမ္မဝါဒများကို မြို့နယ်သံဃနာယကအဖွဲ့များက မဟောပြောရန်၊ မပြသရန်တားမြစ်သည့်အခါ အဓမ္မဝါဒီများက နိုင်ငံတော် သံဃမဟာနယကအဖွဲ့သို့ တင်ပြလျှောက်ထားလာသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က "ဓမ္မဝိနယနှင့်ညီညွတ်လျှင် ဟောပြောခွင့်ပြုသည်" ဟု ဆုံးဖြတ်ညွှန်ကြားခဲ့ပါသည်ဘုရား။ "ဓမ္မဝိနယနှင့်ညီညွတ်လျှင် ဟောပြောခွင့်ပြုသည်" ဟူသော ဆုံးဖြတ်ချက်သည် မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်ပါသည်။ ယင်းသို့ပင် မှန်ကန်ပါသော်လည်း အဓမ္မဝါဒများကို ကြားညှပ်၍ ဟောသည် မဟောသည်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သွားရောက်လေ့လာနိုင်သည် မဟုတ်ပါ။ မြို့နယ်သံဃနာယကများသည် သူတို့၏ မြို့နယ်အတွင်း ဖြစ်ပေါ်လာသည့်ကိစ္စကို နိုင်ငံတော် သံဃမဟာနာယကထက်ပို၍ သေချာစွာ သိနိုင်ပါသည်။ သို့ဖြစ်၍ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် သံဃနာယကများက ပိတ်ပင်ထားသည့် ကိစ္စများကို အလွယ်တကူ ခွင့်ပြုတော်မမူကြဘဲ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် သံဃနာယကအဖွဲ့များထံ သေချာစွာ စုံစမ်းပြီးမှသာ ခွင့်ပြုသင့်သည်ဟု ထင်မြင်ယူဆပါက ခွင့်ပြုသင့်ပါသည်ဘုရား"။

ဩဝါဒချုပ်

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်က "ပရိသတ်လေးပါးအလယ်၌ ထိုင်တော်မူ၍ တရားဟောတော်မူသော မြတ်စွာဘုရားကိုသော်မှ အချို့က ကဲ့ရဲ့ကြ၊ အချို့က ချီးမွမ်းကြကြောင်း" ဖွင့်ဆိုထားသည့် ဓမ္မပဒအဋ္ဌကထာ(ဒုတိယတွဲ၊ စာ-၁၂၀)ကို ကိုးကား၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ကဲ့ရဲ့သူများရှိသလို ချီးမွမ်းသူများလည်းရှိကြမည်သာဖြစ်ရာ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းနှင့်စပ်လျဉ်း၍ စိတ်မတွန့်ဆုတ် မတုန်လှုပ်ဘဲ စိတ်ဓာတ်တည်ငြိမ်ကြံ့ခိုင်စွာ "အောင်စိတ်မွေးကြရန်" တိုက်တွန်းတော်မူသည့်အပြင် ကလျာဏမိတ္တဂုဏ်အင်္ဂါ(၇)ပါးနှင့် ပြည့်ဝတော်မူရေးအတွက် အင်္ဂုတ္တရပါဠိတော်၊ သတ္တကနိပါတ်၊ ဒေဝတာဝဂ်၊ ဒုတိယမိတ္တသုတ်တော်ကို ကိုးကားလျက် အားပေးတော်မူပါသည်။

၁။ သီတင်းသုံးဖော်တို့ ချစ်မြတ်နိုးအပ်သော ပိယဂုဏ်၊
၂။ ရိုသေလေးစားထိုက်သော ဂရုဂုဏ်၊
၃။ ချီးမွမ်းထိုက်သော ဘာဝနီယဂုဏ်
၄။ ကျွမ်းကျင်လိမ္မာ ပါးနပ်စွာပြောဆိုတတ်သော ဝတ္တုဂုဏ်၊
၅။ ပြောဆိုဆုံးမမှုကို ခံနိုင်သော၊ ပြောဆိုဆုံးမ ဩဝါဒစကားကို လိုက်နာပြုကျင့်တတ်သော ဝစနက္ခမဂုဏ်၊
၆။ သိမ်မွေ့နက်နဲသောစကားကို ပြောဆိုနိုင်စွမ်းရှိသော ဂမ္ဘီရကထာဂုဏ်၊
၇။ စေခိုင်းတိုက်တွန်းရန်မသင့်လျော်သော အကျိုးမဲ့လုပ်ငန်းကိစ္စ၌ မစေခိုင်း၊ မတိုက်တွန်းတတ်သော န ဌာန နိယောဇက ဂုဏ်။

သို့ဖြင့် ယင်းဂုဏ်အင်္ဂါ (၇)ရပ်သည် သာသနာ့ရှေ့ဆောင် ဂုဏ်ရောင်ကြီးမားတော်မူကြသည့် ဆရာတော်ကြီးများ အမှူးထားကာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းအားလုံး ကျင့်သုံးနေရမည့် ဗုဒ္ဓဩဝါဒတော်ဖြစ်ကြောင်း ထင်သာမြင်သာသလို ကျင့်သုံးသော ရှင်ရဟန်းများအတွက်လည်း တိုးတက်သော ဂုဏ်ရည်အသွေးတို့ဖြင့် ဖွေးဖွေးလက် စင်စင်ဖြူကာ ပြည်သူတိုင်းက ညွတ်ကိုင်းကြည်ညို မြတ်နိုးပို ရွှန်းစိုဝင်းလက်နေကြမည်ဖြစ်ပါသတည်း။ ။

News Watch (စောင့်ကြည့်)သတင်းဂျာနယ် အတွဲ ၆ အမှတ် ၂၄ ထွက်ပြီ

ရန်ကုန်   ဒီဇင်ဘာ   ၂၅

အင်တာနက်အသုံးပြုနိုင်မည့် CDMA 400 MHz MC ဖုန်း ငွေကျပ် ခြောက်သိန်းခွဲဖြင့် ချထားပေးမည်၊ သဘော်ကုမ္ပဏီအချို့ ဝန်ဆောင်ခကို မြန်မာကျပ်ငွေဖြင့် တောင်းခံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဘဏ်ခွဲလေးခု အသစ်ဖွင့်လှစ်သွားရန် စီစဉ်၊ မြန်မာ-အိန္ဒိယ သယ်ယူပို့ဆောင်ရေးစီမံကိန်း စစ်တွေဆိပ်ကမ်း စတင်တည်ဆောက်၊ လာမည့်နှစ်တွင် မြန်မာနိုင်ငံမှ လျှင်ကြောများကို လေ့လာရန် ဂျပန်နှင့် စင်ကာပူ ကမ်းလှမ်း၊ ရွှေလက်ချောင်းများ သာရေးကူညီမှုအသင်းမှ ဂီရိမုန်တိုင်းသင့် ကလေးငယ်များအတွက် ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်း၊ ကန်ထရိုက်ကြေးမြင့်၍ ယာဉ်ရပ်နားခကောက်ခံသူများ အရှုံးပေါ်၊ ၉ခ/-----ပါရမီအငှားယာဉ် ၃၈ စီးရောင်းချပြီးစီး၊ ပေါင်းဆန် ပြည်ပတင်ပို့နိုင်ရန် စီစဉ်၊ CCTVကင်မရာ ဈေးကွက် ယခင်ထက်ကျယ်ပြန့်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ရဲစခန်း ၁၁ ခုဖွင့်လှစ်ထားရှိ၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့လွန်သင်တန်းများ လာမည့်နှစ် ဖွင့်လှစ်နိုင်ရန်စီစဉ်၊ နယ်စပ်မြို့အချို့၌ နိုင်ငံသားတင်သွင်းမည့် အိမ်ဆောက်ပစ္စည်းများ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်၊ တောက်တဲ့တစ်ကောင် ငွေကျပ် ၃သိန်း၊ ဆရာပါရဂူ၊ ဒေါက်တာအောင်ခင်ဆင့်၊ မောင်သာနိုး၊ ရွှေစင်ကိုကို၊ မြသူအောင်၊ အေးမောင်ကျော်၊ ထွဋ်ဝင်းထွဋ်တို့၏ ဆောင်းပါးများ၊ ပောတီဝမ်းရောဂါ ဖြစ်ပွားမှု ခုံရုံးဖွဲ့စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ကုလကြေညာ၊ ကိုရီးယား ကျွန်းဆွယ်တင်းမာမှုများအပေါ် ရုရှားစိုးရိမ်၊ တောင်ကိုရီးယားက မြောက်ကိုရီးယားနယ်စပ်အနီး စစ်ရေးလေ့ကျင့်မှုစတင်၊ ဂျာမန်ဝန်ကြီးချုပ် အင်ဂျီလာမာကေးလ် မကြေညာဘဲ အာဖဂန်နစ္စတန်ရောက်၊ တရုတ်ဝန်ကြီးချုပ် ပါကစ္စတန်ခရီးစတင်၊ စတော့ဈေးနှုန်းများ ကျဆင်းသွားခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်တွင် ဆန္ဒပြ၊ ဇင်ယော်နီ၏ ကံကောင်းခြင်းဂဏန်းများအပါအဝင် ပြည်တွင်း ပြည်ပသတင်း၊ ဆောင်းပါးများဖြင့်---News Watch(စောင့်ကြည့်)ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။ (သတင်းစဉ်)

အထက(၂)ပုသိမ် (ယခင်နေရှင်နယ်အမျိုးသားကျောင်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ပုသိမ်   ဒီဇင်ဘာ   ၂၅

ပုသိမ်မြို့ အထက(၂) (ယခင်နေရှင်နယ်အမျိုးသားကျောင်း) စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း ပညာရွှေရည်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဗိုလ်မှူးသောင်းရွှေ(ငြိမ်း) ဖုန်း-၀၁-၅၅၆၉၉၈၊ ဦးမြသန်း အင်ဂျင်နီယာချုပ်(ငြိမ်း) ဖုန်း-၀၁-၅၄၂၃၃၁၊ ဦးလှိုင်ဘွား လေယာဉ်အင်ဂျင်နီယာမှူး ဖုန်း-၀၁-၅၇၈၈၄၆၊ ဦးဝင်းအောင် အင်ဂျင်နီယာမှူး ဖုန်း-၀၁-၅၆၂၀၈၆၊ ဦးအောင်ခ ဥက္ကဋ္ဌ (နောင်ရိုး/နှင်းဝေလွင်) ဖုန်း-၀၄၂-၂၅၁၇၉နှင့် ဦးသန်းမြင့် အတွင်းရေးမှူး ဖုန်း-၀၄၂-၂၅၇၈၅ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (၅၂၂)

မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၅

သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ၂၀၁၀ ခုနှစ် ဓမ္မာစရိယ စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော စာအောင်ပုဂ္ဂိုလ် ၄၂၃ ပါး၊ မြန်မာဂုဏ်ထူး အောင်ပုဂ္ဂိုလ်ငါးပါး၊ ဓမ္မာစရိယနှင့် ပထမ ပြန်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၅ ပါး၊ နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၃ ပါး၊ အဘိဓမ္မာဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်များနှင့်အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၇၂ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်၊ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည် ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင် အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များအား ပင့်စာများ ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။ ပင့်စာများကို အချိန်မီ မရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၂ ရက် ရုံးချိန်အတွင်း သာသနာရေးဦးစီးဌာန ကမ္ဘာအေးကုန်းမြေရှိ စာမေးပွဲဌာနခွဲသို့ ဆက်သွယ် သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံမှ ကုန်သွယ်ရေးနှင့် စွမ်းအင်ရေးရာ ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ Ministry of Knowledge Economy မှ ကုန်သွယ်ရေးနှင့် စွမ်းအင်ရေးရာ ဒုတိယဝန်ကြီး H.E. Mr. Park Young-June ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံ၍ စက်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း သီရိမင်္ဂလာဈေးသစ်ဖွင့်ပွဲတက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဘုရင့်နောင်လမ်း၌ ကျင်းပသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သီရိမင်္ဂလာဈေးသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဈေးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားကို ဈေးသစ်မုခ်ဦး၌ ကျင်းပရာ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ကော်မတီဝင် ဦးညီညီတို့နှင့်အတူ မင်္ဂလာအချိန်တွင် သီရိမင်္ဂလာဈေးသစ်ကို ဖွင့်လှစ်ပေးခြင်း ဖြစ်သည်။

သီရိမင်္ဂလာဈေးသစ်ကို မြေဧက ၁၇ ဒသမ ၇၅ ဧကပေါ်၌ တည်ဆောက်ထားပြီး ဈေးရုံကိုးရုံ၊ ဆိုင်ခန်းနှင့် စားသောက်ဆိုင် ၂၀၀၀ ကျော်၊ ယာဉ်ကြီး၊ ယာဉ်ငယ် အစီးရေ ၄၀၀ ကျော်ဆံ့ ယာဉ်ရပ်နားစခန်းအပါအဝင် သောက်သုံးရေလှောင်ကန်နှင့် ရေစင်များပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဈေးသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (မြို့တော်စည်ပင်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှေ့ စုရပ်၌ ကျင်းပသော ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှေ့ စုရပ်၌ ကျင်းပသော ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ၊ အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ကြီးဦးဆောင်သည့် နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ရန်ကင်းပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ တာမွေမြို့နယ်၊ ဗဟန်းမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့မှ ဒေသခံပြည်သူများ စုစုပေါင်း ၁၂၁၇၀ တို့သည် ကျိုက္ကဆံကွင်းရှေ့ရှိ စုရပ်လမ်းဆုံမှ တစ်ဆင့် အရှေ့မြင်းပြိုင်ကွင်းလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြသည်။

ယင်းနောက် ကျိုက္ကဆံကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ တပျော်တပါး လေ့ကျင့်ကြသည်။ ထို့နောက် ပျော်ပွဲ၊ ရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ကျင်းပကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးသူရအေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်(National Development Company Group,Ltd.)၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏလမ်းဆုံ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက်ရုံးချုပ်၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုထွေးက အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် ဒါရိုက်တာ ဦးခင်မောင်ပြုံးက ဒါရိုက်တာအဖွဲ့အစီရင်ခံစာကိုလည်းကောင်း၊ ဒါရိုက်တာ ဦးမောင်မောင်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်စာရင်းကိုလည်းကောင်း၊ ဦးဝင်းသင်နှင့် စာရင်းစစ်အဖွဲ့က စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ဆက်လက်၍ ဦးဝင်းသင်နှင့်စာရင်းစစ်အဖွဲ့အား ဆက်လက်ခန့်ထားခြင်း အဆိုပြုလွှာကို ဒါရိုက်တာ ဦးကျော်ကျော်က တင်သွင်းရာ ဒါရိုက်တာ ဦးဇေသီဟက ထောက်ခံပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် အတွင်းရေးမှူး ဦးညဏ်သစ်လှိုင်က ၂၀၁၀-၂၀၁၁ခုနှစ်ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ဖွဲ့စည်းခြင်းကို တင်ပြ၍ အတည်ပြုချက်ရယူကာ သဘာပတိ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုထွေးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သဘာပတိ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု လီမိတက် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုထွေး အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု လီမိတက်၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ (၁၅)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ခံပစ္စည်းများ ပေးအပ်၍ ကန်တော့ကြပြီး ပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်ဝင်းက ပူဇော်ပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြစဉ်။ (ကြေးမုံ)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဒီဇင်ဘာ ၂၅

ဦးသိန်းအောင်သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)၊ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)၊ ဦးသန်းထွန်း၊ ဦးအောင်စိုးတို့နှင့်အတူ ဒီဇင်ဘာ ၂၅ ရက်တွင် အမှတ်(၁) တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)၌ ဂေါက်သီးရိုက်ကစားစဉ် Tour Special (2) ဘောလုံးကို Callaway Wood (7) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ လူလားမှ

ဤလမ်းကို အမြန်လမ်းဟုခေါ်နေသော်လည်း အမြန်လမ်းအဆင့် သတ်မှတ်၍ မရသေးဘဲ လမ်းအင်ဂျင်နီယာများနှင့် တာဝန်ရှိသူတို့က သတ်မှတ်ပေးသည့် အမြန်နှုန်းဖြင့်သာ မောင်းနှင်နိုင်သော လမ်းမကြီးတစ်လမ်းအဆင့်သာ ဖြစ်ပါသည်။ အမြန်လမ်းမကြီးကို အသုံးပြုသွားလာနေကြသော အချို့သော မော်တော်ယာဉ်များအနေဖြင့် လမ်းတာဝန်ရှိသူများ၏ သတိပေးဆိုင်းဘုတ်များနှင့် လမ်းညွှန်အမှတ်အသားများကို အလေးမမူဂရုမထားဘဲ မဆင်မခြင်မောင်းနှင်နေကြသည်ကို စာရေးသူကိုယ်တိုင် ရန်ကုန်မှ နေပြည်တော် အသွားနှင့် နေပြည်တော်မှအပြန်တို့တွင် ကားပေါ်မှ မြင်တွေ့နေရသည်။

အမြန်လမ်းမကြီး တစ်လျှောက် တစ်နာရီလျှင် မိုင် ၆၀ သာ မောင်းရပါမည်။ ထို့ကြောင့် ကီလိုမီတာ ၁၀၀၊ ကီလိုမီတာ ၈၀ စသည်ဖြင့် မောင်းနိုင်သည်ဆိုသည့် ဆိုင်းဘုတ်များစိုက်ထူထားပါသည်။ "သတ်မှတ်ပေးထားသောမိုင်ထက် ကျော်လွန်မောင်းနှင်ပါက အသက်ဆုံးရှုံးနိုင်ပါသည်" ဆိုသည့် ဆိုင်းဘုတ်များလည်း ရှိပါသည်။

ထို့အပြင် "ရှေ့တွင်လမ်းကွေ့ရှိသည် အရှိန်လျှော့မောင်းပါ" ဆိုသည့် ဆိုင်းဘုတ်၊ လမ်းကွေ့လမ်းညွှန်အမှတ်အသားများ၊ ညအခါလင်းလက်ပြီး ကွေ့ရန် လမ်းညွှန်ပြသပေးသည့် အလိုအလျောက်မီးလုံးများ၊ မီးခြောက်များ၊ ရောင်ပြန် လမ်းညွှန်များ စသည်ဖြင့် လမ်းအသုံးပြု သွားလာနေသော မော်တော်ယာဉ်များ အန္တရာယ်မကြုံတွေ့စေရန်အတွက် တာဝန်ရှိသူများက ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားသည်ကို ထိုလမ်း အသုံးပြုသွားဖူးသူတိုင်း သိကြပါသည်။

သို့သော် ရန်ကုန်-နေပြည်တော် ကားလမ်းမကြီးတွင် ယာဉ်တိမ်းမှောက်မှုများဖြစ်ပြီး အသက်ဆုံးရှုံးသူများ ရှိခဲ့သည်၊ ရှိနေသည်ကို စိတ်မချမ်းမြေ့စွာ ကြားသိနေရပါသည်။ ယာဉ်မတော်တဆဖြစ်ပွားရခြင်း၏ အကြောင်းရင်း လေးရပ်ရှိပါသည်။ ၎င်းလေးချက်ထဲမှ တစ်ချက်ချို့ယွင်းလျှင်ပင် ယာဉ်အန္တရာယ်ဖြစ်ပြီး အသက်ဆုံးရှုံးနိုင်ပါသည်။ ထိုအချက်များမှာ -

၁။ ယာဉ်ထိန်းသိမ်းရေးစနစ် (Stearing System) ကောင်းမွန်မှုမရှိခြင်း

၂။ ဘရိတ်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများ ချို့ယွင်းခြင်း

၃။ ကားဘီးနှင့် တာယာများ ကောင်းမွန်မှုမရှိခြင်း

၄။ အရက်သေစာ သောက်စား၍ မောင်းနှင်ခြင်း၊ ကားမောင်းနေစဉ် အိပ်ငိုက်ခြင်းတို့ဖြစ်သည်။

ရန်ကုန် - နေပြည်တော်အပိုင်း အမြန်လမ်းမကြီးကို ၂၅-၃-၀၉ ရက်နေ့၌ ဖွင့်လှစ်ပေးခဲ့သော်လည်း မဖွင့်လှစ်မီကပင် စမ်းသပ်အသုံးပြုခဲ့ကြသဖြင့် ယာဉ်အန္တရာယ် ဖြစ်ပွားမှုကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလမှစတင်ကာ စာရင်းကောက်ယူစစ်တမ်း ပြုစုထားသော လေ့လာတွေ့ရှိချက်များနှင့် စစ်တမ်းစာရင်းတို့ကို အကျဉ်းချုပ်ဖော်ပြပါမည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ လေ့လာတွေ့ရှိချက်အရ ၁-၃-၀၉ မှ ၄-၄-၁၀ ရက်နေ့အထိ ယာဉ်မတော်တဆမှုပေါင်း ၅၁ မှု ဖြစ်ခဲ့ပြီး သေဆုံးသူ ၂၃ ဦး၊ ဒဏ်ရာရ ဦးရေ ၁၀၅ ဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လေ့လာတွေ့ရှိချက်အရ ၉-၁-၀၉ မှ ၆-၅-၁၀ အထိ ယာဉ်မတော်တဆမှုပေါင်း ၁၃၀ ဖြစ်ခဲ့ပြီး သေဆုံးသူ ၅၇ ဦး၊ ဒဏ်ရာရရှိသူ ၂၀၄ ဦး၊ ယာဉ်မောင်းနှင့် လမ်းသွားလမ်းလာများ ပေါ့ဆမှုကြောင့်ဖြစ်ရသော မတော်တဆမှု ၁၀၅ မှု၊ မော်တော်ယာဉ်များ ဘီးပေါက်၊ ဘရိတ်ပေါက်၊ ရှပ်ကျိုးသောကြောင့် မတော်တဆမှု ၂၅ မှုရှိကြောင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အမြန်လမ်းစီမံကိန်းမှ တင်ပြချက်အရ ၉-၁-၀၉ မှ ၁၇-၄-၂၀၁၀ အထိ ယာဉ်မတော်တဆမှုပေါင်း ၁၀၈ မှုဖြစ်ခဲ့ပြီး သေဆုံးသူ ၄၇ ဦး၊ ဒဏ်ရာရသူ ၁၄၈ ဦး ရှိခဲ့ကြောင်း၊ ဖြစ်ပွားမှုများ၏ ဖြစ်စဉ်အကျဉ်းချုပ်တွင် အများအားဖြင့် ယာဉ်မတော်တဆမှုများသည် ယာဉ်မောင်းများအရှိန်မထိန်းနိုင်၍ တိမ်းမှောက်ခြင်း၊ ယာဉ်မောင်းအိပ်ငိုက်ခြင်း၊ ကားဘီးပေါက်၍ တိမ်းမှောက်ခြင်း၊ စက်ချို့ယွင်း၍ တိမ်းမှောက်ခြင်း၊ ဆိုင်ကယ်နှင့် လမ်းသွားသူများ ကားလမ်းပေါ်နှင့် ကားလမ်းအနီး လမ်းလျှောက်၍ တိုက်မိခြင်း စသည့် "လူ" ကြောင့် ဖြစ်ရသော မတော်တဆမှုနှင့် မော်တော်ယာဉ်များ ဘီးပေါက်/အင်ဂျင်မီးလောင် စသည့် "ယာဉ်"ကြောင့်ဖြစ်ရသော မတော်တဆမှုများကြောင့် ဖြစ်ရကြောင်း ဖော်ပြထားပါသည်။

ထိုအကြံပြုချက်များကို အလေးထား၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းပုံထုတ်ဌာနမှ စစ်ဆေးတိုင်းတာရေးအဖွဲ့များသည် ၂၈-၅-၁၀ မှ ၅-၆-၁၀ ရက်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်း အမှတ်(၃) လမ်းဆုံမှ နေပြည်တော်အထိ ၂၀၂ မိုင် တစ်ဖာလုံအတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှရရှိသော ယာဉ်မတော်တဆဖြစ်ခဲ့သည့် မိုင်တိုင်များအနီးရှိ လမ်းကွေ့နေရာများနှင့် ယာဉ်အန္တရာယ်ဖြစ်နိုင်သော နေရာများရှိ ရေပြင်ညီလမ်းကွေ့များ (Horizontal Curves) ၂၄ နေရာကုန်းတက်ကုန်းဆင်းနေရာများရှိ မတ်ရပ်လမ်းကွေ့ (Vertical Curves) ၂၁ နေရာတို့၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အချက်အလက်များကို တိုင်းတာ၍ လေ့လာတင်ပြစေပြီး အမြန်လမ်းစီမံကိန်းမှ တာဝန်ရှိသူများက အတိအကျ လိုက်နာ၍ ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်း ဖောက်လုပ်ရာတွင် လမ်းအူကြောင်းရွေးချယ်ခြင်းနှင့် လမ်းအနေအထားပုံစံအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းပုံစံထုတ်ဌာနမှ တာဝန်ယူခဲ့ပြီး လမ်းလွှာပုံစံနှင့် လမ်းအရည်အသွေး ထိန်းသိမ်းခြင်း (Q/C) လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းသုတေသနစာတ်ခွဲခန်းများဌာနမှ တာဝန်ယူခဲ့သည်ဟု သိရသဖြင့် စာရေးသူသည် လမ်းသုတေသနဌာနမှ အင်ဂျင်နီယာမှူးကြီး ဒေါ်လှလှသွယ်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ ဒေါ်လှလှသွယ်က "လမ်းအရည်အသွေးထိန်းသိမ်းခြင်း(Q/C)လုပ်ငန်းကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူသော လမ်းအပိုင်းများတွင် မြေကြီးလုပ်ငန်း (Q/C)အဖွဲ့ပေါင်း ၂၅ ဖွဲ့၊ ကွန်ကရစ် (Q/C)အဖွဲ့ပေါင်း ၂၅ ဖွဲ့၊ စစ်အင်ဂျင်နီယာမှ တာဝန်ယူသော လမ်းအပိုင်းများတွင် မြေကြီးလုပ်ငန်း (Q/C) အဖွဲ့ပေါင်း ၂၅ ဖွဲ့၊ ကွန်ကရစ် (Q/C) အဖွဲ့ပေါင်း ၁၃ ဖွဲ့နှင့် တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း။

တစ်နာရီမိုင် ၆၀ နှုန်းအထက် ကျော်လွန်မောင်းနှင်ပါက အသက်ဆုံးရှုံးနိုင်ပါသည်ဆိုသည့် သတိပေးဆိုင်းဘုတ်များကို ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရန်ကုန်-နေပြည်တော်အပိုင်းတွင် ဤသို့ စိုက်ထူထားသည်။

ရန်ကုန်-မန္တလေး အမြန်လမ်း၏ လမ်းလွှာပုံစံတွင် စဉ်းစားခဲ့သော အချက်များ

- တစ်နေ့သွားသော ကားအစီးရေ (နှစ်ဖက်သွား)=၅၀၀၀ စီး
- တစ်နေ့သွားသော ကားအစီးရေ (တစ်ဖက်သွား)=၂၅၀၀ စီး
- သွားလာမည့်ကားများ
  - = ၈၀ တန်ကား
  - = ၆၀ တန်ကား
  - = ၄၀ တန်ကား
  - = ၃၀ တန်ကား
  - =၂၀ တန်ကား

များသွားမည်ဟု စဉ်းစားပြီး ဆောင်ရွက်ခဲ့ကြောင်း။

လမ်းသက်တမ်း=နှစ် ၄၀ ခံရန် တွက်ချက်ပေးထားပြီး လမ်းအောက်ခံမြေ= CBR တန်ဖိုး ၆ ရာခိုင်နှုန်းနှင့် တွက်ပေးခဲ့ကြောင်း၊ ဥပမာ-(သဲဆန်သောမြေများဖယ်ခြင်း၊ နုန်းဆန်သောမြေများဖယ်ခြင်း) ဖို့မြေများတွင် **လမ်းတာဘောင်များ ခိုင်ခံ့စေရန် သတ်မှတ်လျှောစောင်းများ (Berm) များရရှိအောင် ပုံစံများထုတ်ပေးခဲ့ပြီး** လမ်းတစ်လျှောက် တည်ဆောက်ရန် လမ်းသားအထူမှာ-

မျက်နှာပြင်လွှာ Wearing Course =၁၂ လက်မ အထူ Plain Concrete (Cube Compressive Strength =4000 psi.) အောက်ခံလွှာ Sub-base Course = ၆ လက်မအထူ Lean Concrete (Cube Compressive Strength = 2000 psi.) လမ်းလွှာပုံစံအား ထုတ်ပေးခဲ့ကြောင်း၊ လမ်းတစ်လျှောက် တွေ့ရှိရသော သဲအမျိုးမျိုး၊ ကျောက်အမျိုးမျိုးနှင့် အသုံးပြုမည့် ဘိလပ်မြေပေါ်မူတည်၍ သတ်မှတ်ကွန်ကရစ်အင်အား ရရှိအောင် ကွန်ကရစ်အရောပုံစံများလည်း စမ်းသပ်ပုံစံထုတ်ပြီး တည်ဆောက်စေခဲ့ကြောင်း။

လမ်းတစ်လျှောက် လမ်းအူကြောင်း ရှာရာတွင် အကွေ့အကောက် အနည်းဆုံးနှင့် အဖြောင့်ဆုံးဖြစ်အောင် ပုံစံထုတ်ခဲ့ပြီး ဖြတ်မြေ၊ ဖို့မြေအနည်းဆုံးဖြစ်အောင်လည်း စဉ်းစားဆောင်ရွက်ခဲ့ရကြောင်း၊ ကားမောင်းရာတွင် အမြန်ဆုံး 60 MPH ရအောင် လမ်းအကွေ့များတွင် အနည်းဆုံး ရေဒီရပ်(စ်) ၁၃၀၀ ပေရှိရန်နှင့် လမ်းအတက်အဆင်း လျှောစောင်း ၅ ရာခိုင်နှုန်းထက်မကျော်အောင် နိုင်ငံတကာ အဆင့်မီပုံစံထုတ် တည်ဆောက်စေခဲ့ကြောင်း။

ယခုလက်ရှိ တည်ဆောက်ပြီးလမ်းကိုလည်း လိုအပ်သည့် နိုင်ငံတကာ အဆင့်မီ လမ်းအင်္ဂါရပ်များနှင့် ကိုက်ညီအောင် ဆက်လက်တည်ဆောက်ဆဲဖြစ်ကြောင်း" တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရန်ကုန်-နေပြည်တော် လမ်းပိုင်းအမှတ်(၃) ဂိတ်တွင် ယာဉ်မတော်တဆမဖြစ်ပွားစေရေးအတွက် စိုက်ထူထားသော သတိပေးဆိုင်းဘုတ်ကို ဤသို့ တွေ့နိုင်သည်။

❍ ကျောဖုံးမှ

စီးနင်းရန်၊ ကညနမှထုတ်ပေးသော ရောင်ပြန်တံဆိပ်များ တပ်ဆင်ရန်၊ မြို့တွင်းတွင် မိုင် ၃၀ ထက်မပိုရန်၊ ထို့အတူ မြို့ပြင်တွင်လည်း မိုင် ၅၀ ထက်မပိုရန်၊ မိမိတို့အသုံးပြုလေ့ရှိသော ယာဉ်ကြီး၊ ယာဉ်ငယ်လောင်စာဆီဖြည့်ရာတွင် မီးလောင်လွယ်ကူသဖြင့် စက်ကိုရပ်တန့်ထားရန်၊ လောင်စာဆီထည့် နေချိန်အတွင်း မော်တော်ယာဉ်မောင်းများ ဆေးလိပ်မသောက်ရန် စသည်တို့ကို ပြောကြားခဲ့သည်။

ထို့အတူ ယာဉ်မောင်းများ ယာဉ်မောင်းရာတွင် ခါးပတ်ပတ်ရန်၊ အတွင်းနှင့် ဘေးဘက်တွင်ပါရှိသော နောက်ကြည့်မှန်များအသုံးပြုကြရန်၊ ယာဉ်လမ်းကြောင်းမှန်ကန်စွာ မောင်းနှင်ရန်နှင့် ရှေ့မှမောင်းနှင်နေသော ယာဉ်ကြီး၊ ယာဉ်ငယ်ကို ကျော်တက်ရာတွင် လက်ဝဲဘက်မှကျော်တက်ရန်၊ ယာဉ်ကြောကင်းရှင်းမှသာ ကျော်တက်ရန်၊ လမ်းကွေ့များအရောက်တွင် ပေ ၁၀၀ မှ အချက်ပြရမည်၊ လက်ဖြင့်အချက်ပြရမည်များ ညဘက်ယာဉ်ကြီး၊ ယာဉ်ငယ်များ မီးသေး၊ မီးကြီး၊ အထက်မီး၊ အောက်မီး အသုံးပြုရာတွင် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည်ဖြစ်စေ၊ နောက်မှ လိုက်ပါလာသည်ဖြစ်စေ မီးကို အောက်သို့ ချပေးရမည်ဖြစ်ကြောင်းနှင့် နောက်မှလိုက်ပါလာသော ယာဉ်ကြီး၊ ယာဉ်ငယ်များ ရှေ့ယာဉ်မောင်းနှင်သူ မြင်သာစေရန်၊ သတိရှိစေရန် မီးနှင့် အချက်ပြရန်၊ အခက်အခဲတစ်ခုခုကြောင့် ညဘက်တွင် ကားရပ်ရာတွင် အချက်ပြမီးများဖွင့်ထားရန်၊ ကားအောက်ဝင်မအိပ်ရန်နှင့် ကိုက် ၁၀၀ တွင် ရောင်ပြန်ဘုတ်များဖြစ်စေ သစ်ရွက်သစ်ကိုင်းများဖြစ်စေ မိမိယာဉ်မြင်သာစေရန် ချထားပေးရမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

ထို့အတူ ကုန်တင်ယာဉ်ကြီးများကိုလည်း တန်ပိုတင်ဆောင်မောင်းနှင်ခြင်းနှင့် စပ်လျဉ်း၍ ဆက်လက်ပြောကြားရာတွင် သတ်မှတ်ထားသော တန်ချိန်ထက်ပိုမတင်ကြရန်၊ သတ်မှတ်ထားသော တန်ကိုသာ တင်ဆောင်ရန်၊ လမ်းချိုးလမ်းကွေ့များတွင် သတိရှိစွာ ကွေ့ဝိုက်မောင်းနှင်ရန်၊ သစ်လုံးတင်ယာဉ်ကြီးများကိုလည်း ခိုင်ခံ့သော သံမဏိကြိုးများ တပ်ဆင်အသုံးပြုရန်တို့ကို သရုပ်ပြပညာပေးခဲ့သည်။

ဆက်လက်ပြီး နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ပညာပေးလုပ်ငန်းများ ကျေးရွာများအရောက် ပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ၇ ပေ× ၅ ပေ အရွယ်ရှိ "ဆိုင်ကယ်စီးသူများ သတိပြုရန်" သတိပေးကြော်ငြာ ဆိုင်းဘုတ်များ မြို့နယ်အလိုက်၊ ဒေသအလိုက် စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သတင်းစာများ၊ ဂျာနယ်များ၊ မီဒီယာများတွင် ဖော်ပြနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း စသည့် နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသည် ဒီဇင်ဘာ ၁၅ ရက်နေ့မှစပြီး နေပြည်တော်တစ်ဝန်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲကာ စစ်ဆေးပညာပေးရေး လုပ်ငန်းများကို စတင်ပြုလုပ်လျက်ရှိသည်။ နေပြည်တော်တွင် ကားလမ်းများ ကျယ်ပြန့် ကောင်းမွန်လာသည်နှင့်အမျှ မော်တော်ယာဉ်သုံးစွဲမှု ပိုမိုများပြားလာသကဲ့သို့ အရှိန်ပြင်းမောင်းနှင်မှုများလည်း ပိုမိုများပြားလာသည်။ သို့ရာတွင် ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိမှုနှင့် လိုက်နာမှုအပိုင်းတွင် အားနည်းနေကြောင်း တွေ့ရသည်။ ယခုနှစ်အတွင်း ယာဉ်တိုက်မှု ၃၁၃ မှု ဖြစ်ပွားခဲ့ရာတွင် သေဆုံးသူ ၁၆၇ ဦးနှင့် ဒဏ်ရာရရှိသူ ၅၃၂ ဦးရှိကြောင်း သိရသည်။ ယာဉ်တိုက်မှုများအနက် ၂၀၂ မှုမှာ အရှိန်ပြင်း မောင်းနှင်မှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး ယာဉ်တိုက်မှုဖြစ်စဉ်များအနက် ၁၅၆ မှုမှာ မော်တော်ဆိုင်ကယ်များကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ရဲမှူးက သတိပေးပြောကြားခဲ့ရာ ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားရသော ဖြစ်စဉ်ဖြစ်တတ်သည့် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာကြရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ အထူးမျက်မှန်မှ

သစ်ကို တိုရှီဘာကော်ပိုရေးရှင်းက တီထွင်ဖော်ထုတ်ခဲ့သည်။

ယနေ့ကာလတွင် နိုင်ငံတကာရှိ အီလက်ထရွန်နစ် နည်းပညာကုမ္ပဏီများက သုံးဖက်မြင် ရုပ်မြင်သံကြားစက်များကို အပြိုင်အဆိုင် တီထွင်ထုတ်လုပ်လာကြပြီ ဖြစ်သည်။

ဂျပန်နိုင်ငံမှ ပန်နာဆိုးနစ် ကော်ပိုရေးရှင်းနှင့် တောင်ကိုရီးယားနိုင်ငံမှ ဆမ်ဆောင်းကုမ္ပဏီတို့သည် သုံးဖက်မြင် ရုပ်မြင်သံကြားစက်များကို ဈေးကွက်တွင် ရောင်းချနေကြပြီ ဖြစ်သည်။

ဈေးကွက်တွင် လက်ရှိရောင်းချနေသော သုံးဖက်မြင် ရုပ်မြင်သံကြားစက်များမှာ အထူးမျက်မှန် အသုံးပြုရန် လိုအပ်သည်။ ***အင်တာနက်။***

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အမှတ်(၁) တွင် ပျိုးထောင်ထားရှိမှုကို ဒီဇင်ဘာ ၂၀ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး စည်ပင်ညွှန်မှူး ဦးတင်ချိုနှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော

လားရှိုးမြို့ သောက်သုံးရေဖြန့်ဝေပေးနိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့နယ် နမ့်ကျန်ရေလှောင်တမံသို့ ရောက်ရှိရာ တာဝန်ရှိသူများက သောက်သုံးရေ ဖြန့်ဝေပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ရေလှောင်တမံအတွင်း ရေသိုလှောင် ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တစ်ဆင့် ဟူးမွန်ကျေးရွာ ကောက်ကွေ့ရေလှောင်တမံသို့ရောက်ရှိပြီး ရေလှောင်တမံအတွင်း ရေထိန်းသိမ်းထားရှိမှု၊ ဆည်တမံကြံ့ခိုင်ကောင်းမွန်မှုနှင့် သောက်သုံးရေဖြန့်ဝေပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လားရှိုးမြို့အတွင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းအား တရုတ်စက်မှု ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sino Truck Import & Export Co.,Ltd.မှ Executive Director, Mr. Yang Zheng Xu ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံ၍ အကြီးစား ကုန်တင်ယာဉ်ထုတ်လုပ်မှု အတွက် စက်မှုနှင့်နည်းပညာဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆေးတက္ကသိုလ်(၁) (၁၉၇၀-၇၇ ခုနှစ်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ဆေးတက္ကသိုလ်(၁) (၁၉၇၀-၇၇) ကျောင်းသားဟောင်းများ၏ (၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် လမ်းမတော် ဆေးတက္ကသိုလ်(၁) မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို အေးအေးမြင့် ဖုန်း-၀၉-၅၀၀၃၁၉၅၊ နီလာတင် ဖုန်း-၀၉-၈၆၀၀၄၀၁၊ မြူတီကြည် ဖုန်း-၀၉-၅၃၆၃၃၁၁နှင့် သိန်းစိုး ဖုန်း-၀၁-၂၉၁၀၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။
- ☆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပိုမိုခိုင်မာစေရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။
- ☆ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အမွန့်ရှည်တည်တံ့ခိုင်မြဲရေးသည် ပဓာနကျသဖြင့် ပြည်ထောင်စုပြိုကွဲစေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးစေရန် ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာမှုမှန်သမျှကို တိုင်းရင်းသားအားလုံးက သတိကြီးစွာဖြင့် တားဆီးကာကွယ်ရေး။

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း ပန္နက်တင်မင်္ဂလာအခမ်းအနား တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ဒီဇင်ဘာ ၂၄ ရက်နံနက် ၇ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသည့် ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ပန္နက်တင်ပေးသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် ပန္နက်တင်ပေးစဉ်။

(သတင်းစဉ်)

အစီအစဉ်အရ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အေစီအီးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးကိုကိုတင့်ဆန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးသန်းဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အားကစားကွင်း ဒါရိုက်တာ ဦးဇော်လင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးတင်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့က မင်္ဂလာအချိန်တွင် သတ်မှတ်နေရာ အသီးသီးရှိ ပန္နက်တိုင်များကို အစီအစဉ်အတိုင်း ပန္နက်တင်ပေးကြပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရွှေမိုး၊ ငွေမိုး ရွာသွန်းကြသည်။

အဆိုပါ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကို ၁၉၈၇ခုနှစ်တွင် ဂျပန်ယန်းသန်း ၅၅၀၀နှင့် မြန်မာငွေကျပ် ၁၆၉ ဒသမ၅ သန်း အကုန်အကျခံ၍ တည်ဆောက်ပြီးစီးခဲ့ကာ စုစုပေါင်း ပွဲကြည့်ပရိသတ် ၂၀၀၀၀ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ယခု နိုင်ငံတော်၏ အစီအစဉ်ဖြင့် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းအဖြစ် အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခြင်းဖြစ်သည်။

ထို့အပြင် ပြေးလမ်းကိုလည်း နိုင်ငံတကာအဆင့်မီ တည်ဆောက်သွားမည်ဖြစ်သည်။ ဘောလုံးကွင်း၏ အနောက်ဘက် အထူးတန်းတွင် အမိုးရှိပြီးဖြစ်သဖြင့် ထိုင်ခုံများ တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ပြီး အရှေ့ဘက် ပွဲကြည့်စင်၌ အမိုးနှင့်ထိုင်ခုံများကို တိုးချဲ့တပ်ဆင်၍ တောင်ဘက်နှင့်မြောက်ဘက်ပွဲကြည့်စင်များ၌ ထိုင်ခုံများ တိုးချဲ့တည်ဆောက်မည်ဖြစ်ကာ ဘောလုံးကွင်း မီးစင်ကြီးများကိုလည်း နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်း ပန္နက်တင် မင်္ဂလာ အခမ်းအနားတွင် ပန္နက်တင်ပေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင် နည်းပြဆရာ Mr. Bappy က ပြိုင်ပွဲတွင် အထူးဆုများ ရရှိသွားကြသော အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးအလွတ်တန်းပြိုင်ပွဲတွင် ပထမဆုရ မင်္ဂလာဒုံမြို့နယ် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း အသင်းက ဆုဖလားနှင့် ဆုကြေးငွေကျပ် ၇၅၀၀၀ ကိုလည်းကောင်း၊ ဒုတိယဆုရ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အသင်းက ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၄၀၀၀၀ ကို လည်းကောင်း၊ တတိယဆုရ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း အသင်းက ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၃၀၀၀၀ ကိုလည်းကောင်း ရရှိသွားကြသည်။

မြန်မာနိုင်ငံခရစ်ကက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်း ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကက်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော မင်္ဂလာဒုံမြို့နယ် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းအသင်းအား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်စဉ်။

(ခရစ်ကက်အဖွဲ့ချုပ်)

အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ပထမဆုကို မင်္ဂလာဒုံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းအသင်း၊ ဒုတိယဆုကို အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းအသင်း၊ တတိယဆုကို ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအသင်းနှင့် ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအသင်းတို့က ပူးတွဲရရှိသွားကြသည်။

ယင်းပြိုင်ပွဲတွင် အကောင်းဆုံး ခရစ်ကက် အားကစားသမားဆုများကို ပေးအပ်ချီးမြှင့်ရာ အမျိုးသမီးပြိုင်ပွဲ၌ Best Batsman ဆုကို တာမွေမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအသင်းမှ အင်ကြင်းမေ၊ Best Bowler ဆုကို မင်္ဂလာဒုံမြို့နယ် အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်းအသင်းမှ ယမင်းသူနှင့် Best All-Rounder ဆုကို အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအသင်းမှ မနေခြည်မောင်ဝင်းတို့က ရရှိသွားကြသည်။

အမျိုးသားပြိုင်ပွဲတွင် Best Batsman ဆုကို အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းအသင်းမှ ရဲလင်းထွန်း၊ Best Bowler ဆုကို မင်္ဂလာဒုံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအသင်းမှ မျိုးမောင်မောင်နှင့် Best All-Rounder ဆုကို အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းအသင်းမှ ရဲလင်းထွန်းတို့က ရရှိသွားကြသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းက အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော မင်္ဂလာဒုံမြို့နယ် အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်း အသင်းအား တံခွန်စိုက်ဆုကိုလည်းကောင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသွားသော မင်္ဂလာဒုံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအသင်းအား တံခွန်စိုက်ဆုကို လည်းကောင်း ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင် ငံ တ ကာ အား က စား သ တင်း နိုင် ငံ တ ကာ အား က စား သ တင်း နိုင် ငံ တ ကာ အား က စား သ တင်း

အာဆင်နယ်-ချယ်လ်ဆီး၊ မန်ယူ-ဆန်းဒါးလန်းတို့ ပြန်လည်တွေ့ဆုံမည့် ပရီမီယာလိဂ်ပွဲစဉ်(၁၉)

ဝင်းတင်(ကြေးမုံ)

ဒီတစ်ပတ်မှာ လန်ဒန်ဒါဘီပွဲဖြစ်တဲ့ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ ပြန်လည်ဆုံတွေ့တဲ့ ပွဲကြီးပွဲကောင်း ပါဝင်နေသလို ပထမအကျော့က အဝေးကွင်းမှာ ဆန်းဒါးလန်းကို အနိုင်မယူနိုင်ခဲ့တဲ့ မန်ယူ ယခုအိမ်ကွင်းမှာ ဘယ်လိုအဖြေထုတ်မလဲဆိုတာကလည်း စိတ်ဝင်စားစရာပါ။

အာဆင်နယ်-ချယ်လ်ဆီး

ပထမအကျော့ စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆုံတွေ့စဉ် ချယ်လ်ဆီးက နှစ်ဂိုးပြတ်နဲ့ နိုင်ထားပါတယ်။ အာဆင်နယ် ရှေ့တန်း လူစုံနေသလို ကွင်းလယ်မှာ ဖာဘရီဂက်စ် ပြန်ပါလာလို့ တိုက်စစ်ပံ့ပိုးမှုလည်း ကောင်းလာမှာပါ။ ဒါပေမယ့် ဗာမေလန်မပါနိုင်သေးတဲ့ နောက်တန်းက အားနည်းနေဆဲဖြစ်တာကြောင့် ချယ်လ်ဆီးရဲ့တိုက်စစ်ကို ထိန်းချုပ်နိုင်မလားဆိုတာ စဉ်းစားစရာပေါ့။ ဒါ့ပြင် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာဟာ အာဆင်နယ်နဲ့ တွေ့တိုင်း ဂိုးသွင်းယူနိုင်ခဲ့သလို နောက်ဆုံးငါးကြိမ်ဆုံတွေ့ရာမှာ ငါးကြိမ်လုံး ချယ်လ်ဆီးက အနိုင်ရထားပါတယ်။ အိမ်ကွင်းကစားရမယ့် အာဆင်နယ် ပထမအကျော့က ရှုံးကြွေးကိုပြန်ဆပ်ဖို့ ကြိုးစားလာမှာဖြစ်ပေမယ့် အစဉ်အလာနဲ့ သမ္မာသာတဲ့ လမ်းပတ်တို့ အုပ်စု မရှုံးလောက်ဘူးလို့ ယူဆရပါတယ်။

မန်ယူ-ဆန်းဒါးလန်း

ပထမအကျော့ ဆန်းဒါးလန်းရဲ့ အလင်းရောင်ကွင်းမှာ ဆုံတွေ့ခဲ့စဉ်က ဂိုးမရှိသရေကျ ထားပါတယ်။ ရစ်သမ်မှန်နေတဲ့ ဆန်းဒါးလန်း အဆင့်(၆)ကို တက်လာနိုင်တဲ့အထိ ခြေစွမ်းတည်ငြိမ်နေပါတယ်။ ခံစစ်ပိုင်းတည်ငြိမ်နေသလို ကွင်းလယ်ကစားသမားတွေရဲ့ ပံ့ပိုးမှုကလည်းကောင်းမွန်နေပါတယ်။ ဒါ့ပြင် တိုက်စစ်မှူးတွေဖြစ်တဲ့ အဆာမိုဂျန်၊ ဒါရင်ဘန့်နဲ့ ဝဲလ်ဘတ်တို့ကလည်း တိုးအားကောင်းနေပါတယ်။ အိမ်ကွင်းကစားရမယ့် မန်ယူကလည်း လူစုံပွဲထုတ်လာပြီး အမှတ်ပေးဇယားထိပ်ကို ဆက်လက်ဦးဆောင်ဖို့ ကြိုးစားလာမှာပါ။ ဒါပေမယ့် အသင်းကြီးတွေကို လုံးဝရှုံးနိမ့်ထားခြင်းမရှိတဲ့ ဆန်းဒါးလန်းကို မန်ယူ ခက်ခက်ခဲခဲရင်ဆိုင်ရဦးမှာပါ။

အာဆင်နယ်အသင်း၏ အဓိက ကွင်းလယ်မောင်းနှင်အားဖြစ်သည့် ဖာဘရီဂက်စ်။

နယူးကာဆယ်-မန်စီးတီး

အဆင့်(၈)က နယူးကာဆယ်နဲ့ တတိယနေရာက မန်စီးတီးတို့ရဲ့ပွဲကလည်း ပွဲကောင်းတစ်ပွဲဖြစ်လာဦးမှာပါ။ ပထမအကျော့က မန်စီးတီးခက်ခက်ခဲခဲကစားပြီး ပွတ်ကာသီကာအနိုင်ရခဲ့သလို ဒီတစ်ကြိမ်လည်း အိမ်ကွင်းကစားပုံကောင်းတဲ့ နယူးကာဆယ်ကို ခက်ခက်ခဲခဲရင်ဆိုင်ရဦးမှာပါ။ ဒါပေမယ့်ဒီနှစ်သင်းရဲ့ ကစားသမားအင်အားချင်းက ကွာဟမှုရှိနေတာကြောင့် မန်စီးတီးအလေးသာမယ့်ပွဲလို့ သုံးသပ်ချင်ပါတယ်။

ချယ်လ်ဆီး ကွင်းလယ်တွင် ပြန်လည်မြင်တွေ့ရမည့် လမ်းပတ်။

ပွဲစဉ်(၁၉)ပွဲစဉ်များ

၂၆-၁၂-၂၀၁၀(တနင်္ဂနွေနေ့)

ညနေ ၆း၃၀ နာရီ

ဖူလ်ဟမ်-ဝက်စ်ဟမ်း

ည ၉း၃၀ နာရီ

ဘလက်ဘန်း-စတုတ်စီးတီး

ဘလက်ပူးလ်-လီဗာပူး

ဘော်လ်တန်-ဝက်စ်ဘရွန်း

အဲဗာတန်-ဘာမင်ဂမ်

ည ၉း၃၀ နာရီ

မန်ယူ-ဆန်းဒါးလန်း

နယူးကာဆယ်-မန်စီးတီး

ဝုလ်ဗာဟမ်တန်-ဝီဂန်

ည ၁၂း၃၀ နာရီ

ဗီလာ-စပါး

၂၈-၁၂-၂၀၁၀(အင်္ဂါနေ့)

နံနက် ၂း၃၀ နာရီ

အာဆင်နယ်-ချယ်လ်ဆီး

ဒေးဗစ်ဘက်ခမ်းအား ခေါ်ယူမည်မဟုတ်ဟု ဖာဂူဆန်နှင့် အာဆင်ဝင်းဂါး ပြောကြား

စိုးတင့်နိုင်

အင်္ဂလန် ဒီဇင်ဘာ ၂၅

ဒေးဗစ်ဘက်ခမ်း

မန်ချက်စတာယူနိုက်တက် အသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က လာမည့်ဇန်နဝါရီတွင် ဒေးဗစ်ဘက်ခမ်းအား ခေါ်ယူမည်မဟုတ်ဟု ပြောကြားလိုက်သဖြင့် ဘက်ခမ်း၏ မန်ယူအသင်းတွင် ပြန်လည်ကစားခွင့် မျှော်လင့်ချက်အိပ်မက်သည် ပျက်ပြယ်ရပြီဖြစ်သည်။ အလားတူ အာဆင်နယ်နည်းပြ အာဆင်ဝင်းဂါးကလည်း သူ့အသင်းတွင် ဘက်ခမ်းအတွက် နေရာမရှိကြောင်း ပြောကြားခဲ့သည်။

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်းသည် မေဂျာလိဂ်ပွဲစဉ်များပြီးဆုံးချိန်တွင် ဥရောပကလပ်အသင်း တစ်သင်း၌ အငှားစာချုပ်ဖြင့် သွားရောက်ကစားခြင်းဖြင့် လက်ရွေးစင်အသင်းနည်းပြ ဖေဘီယိုကာပယ်လို၏ စိတ်ကူးထဲတွင် နေရာတစ်နေရာ ရယူရန် စိတ်အားထက်သန်နေသည်။

မန်ယူနည်းပြကြီးက အသက် (၃၅)နှစ်အရွယ် ကစားသမားတစ်ဦးကို ဘယ်တော့မှ စာချုပ်ချုပ်ဆိုခေါ်ယူမည် မဟုတ်ဟု စကိုင်းစပေါ့သတင်းစာသို့ ပြောကြားခဲ့သည်။

အာဆင်နယ်နည်းပြအာဆင်ဝင်းဂါးကလည်း 'ဒေးဗစ်နဲ့ စာချုပ်ချုပ်ဖို့စဉ်းစားခဲ့ဖူးပါတယ်၊ ဒါပေမယ့် အသင်းမှာ ဝဲကော့၊ နာဆရီ၊ ရိုဆစ်စကီး၊ အာရှာဗင်၊ အီဘိုယေးတို့လို တောင်ပံနှစ်ဖက်စလုံး ကစားနိုင်သူတွေ ရှိနေတော့ ခေါ်ယူဖို့ မဖြစ်နိုင်ပါဘူး'ဟု 'သည်ဆန်း'သတင်းစာသို့ ပြောကြားခဲ့သည်။

အင်တာနက်။

တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင်နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်၊ မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်ထက် ၆ ဒီဂရီ စင်တီဂရိတ်ထိပိုခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် သုည ဒီဂရီစင်တီဂရိတ်စီ၊ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်နှင့် တောင်ကြီးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ ကော့သောင်းမြို့တွင် သုည ဒသမ ၂၈ လက်မတို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဒီဇင်ဘာ ၂၆ ရက် ညနေအထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	"သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၁၀	၇။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၂၅	၈။	တေးဂီတအစီအစဉ်
၈း၄၀	၉။	International News
၈း၄၅	၁၀။	"လှေကားသုံးထစ် ဆင်းတဲ့အခါ"
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၂)**
၁၂း၃၀	၅။	**Golf Magazine (TV)**
၁၂း၅၀	၆။	မြန်မာရုပ်ရှင် "အချစ်နဲ့အကောင်း အတိုင်းဖြစ်စေမည်" (ဒွေး၊ လွင်မိုး၊ မင်းဦး၊ မေသန်းနု) (ဒါရိုက်တာ- မလိခစိုးထိုက်အောင်)
၂း၄၀	၇။	အကပြိုင်ပွဲ
၂း၅၀	၈။	International News
၃း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀	၃။	နားဝင်ပီယံသူ့လက်သံ
၄း၃၅	၄။	အဆိုပြိုင်ပွဲ
၄း၄၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ပြည်သူ့ရေးရာအထူးပြု) (ပြည်သူ့ရေးရာ)
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၇။	တေးဂီတအစီအစဉ်
၅း၁၀	၈။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၂၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၃)
၆း၄၀	၁၃။	**တစ်မျက်နှာတစ်ကွက်စာ "အိမ်သား" (မင်းသူ၊ အောင်လွင်၊ နဒီဝင့်နိုင်၊ ဒေါ်ခင်ခင်ကြီး) [ဒါရိုက်တာ-မေတင် (MMG)]**
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၉)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	"ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ နေပြည်တော်- မန္တလေးအမြန်လမ်း"
	၁၉။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၈၆)**
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၂၂)**
	၂၁။	အစီအစဉ်ပြီး၏။

တတိယအကြိမ် ဒဂုံရွှေအောင်လံ ဒုတိယအဆင့် ဆီမီးဖိုင်နယ်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်

သတင်းမှတ်စု- ဇင်လင်းထွန်း(ဓနုဖြူ)

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး Dagon Brewery Co., Ltd. ၏ အဓိကမတည်ပံ့ပိုးမှုဖြင့် H & S Group မှ ဦးဌေးဝင်းနှင့် ဦးစိုင်းဇော်ဇော် တာဝန်ယူစီစဉ်သော တတိယအကြိမ်မြောက် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး(၂၀၁၁)ကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၃ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ရာ အလွတ်တန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် လုံးချော(ညောင်တုန်း)နှင့် ဖိုးကေ(မန္တလေး)၊ အထူးဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဒေါနအောင်(အဖြူရောင်သွေးသစ်) နှင့် လုံးချောလေး(ရက္ခပျာရ)၊ ဒုတိယတန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်အဖြစ် စောအုန်းမြင့်(မြို့တော်စည်ပင်)နှင့် စိုးမိုးဟိန်း (မျိုးဆက်သစ်)၊ ဝင်းတင် (ရွှေကုက္ကို)နှင့် သတ္တိအောင် (တောင်ကလေး)တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

အလွတ်တန်း ဒဂုံရွှေအောင်လံပြိုင်ပွဲတွင် အနိုင်ရရှိသူသည် ဗိုလ်လုပွဲသို့ တက်သွားပြီဖြစ်သော စောငမန်းနှင့် ဇန်နဝါရီ ၁၆ ရက်တွင် အောင်လံလုရမည်ဖြစ်သည်။ အထူးတန်း ဒဂုံရွှေအောင်လံတွင်လည်း အနိုင်ရရှိသူသည် ဗိုလ်လုပွဲရောက်နေပြီဖြစ်သော စိုးလင်းဦးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အထူးတန်း ဒဂုံရွှေအောင်လံ ဆီမီးဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်ထိုးသတ်မည့် ဒေါနအောင်နှင့် လုံးချောလေးတို့သည် ရွှေခါးပတ်ချန်ပီယံများဖြစ်ကြသည်။ ဒေါနအောင်က ၂၀၀၆ ဘင်တန်ဝိတ်တန်း၊ လုံးချောလေးက ၂၀၁၀ ဝယ်လ်တာဝိတ်တန်း ရွှေခါးပတ် ချန်ပီယံဖြစ်သည်။

၂၀၁၀ ဘင်တန်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ ဝင်းတင်နှင့် ၂၀၀၉ ဖယ်သာဝိတ်တန်း ရွှေခါးပတ်ချန်ပီယံ သတ္တိအောင်တို့ပွဲကလည်း အသည်းကောင်း၍ ပညာစုံတူချင်း တွေ့ကြသောပွဲဖြစ်သည်။

စိန်ခေါ်ပွဲများလည်း ပါဝင်မည်ဖြစ်သည်။ မွန်းလွဲ ၁ နာရီခွဲမှ ၃ နာရီအထိ အသင်းတိုက်မှတ်တိုင်မှ ပြိုင်ပွဲရုံသို့ အခမဲ့ ကြိုပို့ယာဉ်လည်း စီစဉ်ပေးထားသည်။

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းနင်းမိ၍ အရပ်ယာဉ်တစ်စီး ပျက်စီး၊ အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၅

ကရင်ပြည်နယ် သံတောင်မြို့နယ် ဘောဂလိကြီးမြို့နယ်ခွဲ မောင်းတိုင်ကြီးကျေးရွာမှ ယာဉ်မောင်း ဦးအောင်အောင်မောင်းနှင်လာသည့် အရပ်ယာဉ်တစ်စီးသည် ဒီဇင်ဘာ ၂၂ ရက် ညနေ ၄ နာရီခွဲခန့်တွင် ရွာ၏အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် မော်တော်ယာဉ်၏ကြမ်းခင်း၊ ဂီယာအုံ၊ လေအိုးနှင့် ဖရိန်တို့ ပျက်စီးခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် သုံးဦးတို့ ဘယ်မျက်ခုံးနှင့် ညာလက်ကောက်ဝတ်တို့ အသီးသီး ဒဏ်ရာရရှိခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ဇီးတောရပ်ကွက်တွင် နေထိုင်သူ ဦးရှမ်းကုလားသည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခန့်တွင် မြို့၏ အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ၌ KNU အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိခဲ့၍ နေရာ၌ပင် သေဆုံးခဲ့ပြီး ၎င်းအလောင်းအား ရှာဖွေသယ်ယူစဉ် ပွန်တန်ဆာမြို့ ငါးကျိုးအိုင်ရပ်ကွက်နေ ကိုဇော်သည် မိုင်းတစ်လုံး ထပ်မံနင်းမိပေါက်ကွဲခဲ့၍ ဘယ်ခြေချင်းဝတ်ပြတ်ပြီး ခန္ဓာကိုယ်အပေါ်ပိုင်းတွင် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူများအား ဘောဂလိကြီးမြို့နယ်ခွဲ ဆေးရုံနှင့် ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံတို့သို့ ပို့ဆောင်ဆေးကုသလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၂၅

လက်ပံတန်း-ရန်ကုန် ခရီးသည်တင်ဟိုင်းလတ်ယာဉ်တစ်စီးသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီကျော်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအနီး ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ် (၂၈/၁)၌ ရှေ့မှယာဉ်အားကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး တိုက်ကြီး-သီရိမင်္ဂလာဈေး ခရီးသည်တင်ဟိုင်းလတ်ယာဉ်တစ်စီးနှင့် မျက်နှာချင်းဆိုင်ဝင်တိုက်မိခဲ့သဖြင့် ယာဉ်နှစ်စီးပေါ်ပါ ခရီးသည်များ ပွန်းပဲ့ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ရန်ကုန်ဆေးရုံကြီးနှင့် မှော်ဘီဆေးရုံတို့၌ ကုသပေးလျက်ရှိပြီး လက်ပံတန်း-ရန်ကုန် ခရီးသည်တင်ယာဉ်မောင်းအား မှော်ဘီရဲစခန်းက အမှုဖွင့်ထားကြောင်း သိရှိရသည်။

အလားတူ မြင်းကဆိပ်-ပုသိမ် ပြေးဆွဲသည့် ကင်တာခရီးသည်တင်ယာဉ်တစ်စီးသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခန့်တွင် ရွှေဝသုန်ခရီးသည်တင် မှန်လုံယာဉ်တစ်စီးအား နောက်မှကျော်တက်စဉ် ကားချင်းချိတ်မိပြီး ကင်တာယာဉ်မှာ လမ်းပခုံးပေါ်သို့ တိမ်းမှောက်၍ မှန်လုံယာဉ်မှာ လမ်းဝဲဘက် ရေမြောင်းထဲသို့ ထိုးကျ တိမ်းမှောက်ခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ကင်တာယာဉ်မှ ယာဉ်နောက်လိုက် ချစ်ဖွယ် (ဘ)ဦးဝင်းကြည်သေဆုံးပြီး ယာဉ်နှစ်စီးပေါ်ပါ ခရီးသည် ၂၇ ဦး ဖူးရောင်ပေါက်ပြဲ ဒဏ်ရာများရရှိခဲ့ကြောင်း၊ ကင်တာယာဉ်မောင်းအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ခရီးသည်တို့၏အသက်မှာ ယာဉ်မောင်းသူတို့၏ လက်ထဲတွင်ရှိနေရာ ယခုကဲ့သို့ ယာဉ်မောင်းတို့၏ မဆင်မခြင်မောင်းနှင်မှုကြောင့် ထိခိုက်ဒဏ်ရာရ ခရီးသည်တို့အနေဖြင့် အလုပ်ပျက်၊ အကိုင်ပျက်ဖြစ်ရပြီး ဒုက္ခပင်လယ်ဝေရသည်။ ယာဉ်မောင်းတို့အနေဖြင့်လည်း ၎င်းတို့၏ ပြစ်မှုကြွေးကို ချွေးဖြင့် ဆပ်ရပေတော့မည်။ သတိမမူလျှင် ဂူမမြင်ပေ။ သတိတရားလက်ကိုင်ထားပြီး ဆင်ခြင်မောင်းနှင်ကြရန်လိုကြောင်း အသိပေးလိုက်ရပါသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အထူးမျက်မှန် အသုံးပြုရန်မလိုသော သုံးဖက်မြင် ပုံရိပ်ဖော် ရုပ်သံစက်ရောင်းချ

အင်တာနက် နည်းပညာသတင်း

ဘာသာပြန်-တက်လူ

တိုကျို ဒီဇင်ဘာ ၂၅

အထူးမျက်မှန်တပ်ဆင်ရန်မလိုဘဲ သုံးဖက်မြင်ရုပ်ပုံ (3D images) များကို ကြည့်ရှုနိုင်မည့် ရုပ်မြင်သံကြားစက်ကို ဂျပန်နိုင်ငံရှိ တိုရှီဘာကော်ပိုရေးရှင်းက ဒီဇင်ဘာ ၂၂ ရက်မှစ၍ စတင်ရောင်းချပေးပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အထူးမျက်မှန်အသုံးပြုရန်မလိုဘဲ သုံးဖက်မြင်ပုံရိပ်များအား ကြည့်ရှုနိုင်မည့် ရုပ်မြင်သံကြားစက်ကို တိုရှီဘာကော်ပိုရေးရှင်းက ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် ထုတ်လုပ်ရောင်းချခြင်းဖြစ်သည်။

အဆိုပါ ရုပ်မြင်သံကြားစက်ကို Regza GL1 ဟု အမည်ပေးထားပြီး ၁၂ လက်မ တီဗွီဖန်သားပြင်ပါရှိသည်။ သုံးဖက်မြင်ပုံရိပ်ဖော် ရုပ်မြင်သံကြားစက်သစ်များကို ဂျပန်နိုင်ငံ မြို့တော် တိုကျိုရှိ အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်များတွင် တစ်လုံးလျှင် ယန်းငွေ ၁၁၉၈၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

သုံးဖက်မြင်ပုံရိပ်များကို ဖော်ထုတ်နိုင်ရန် ပုံရိပ်ဖော်နည်းပညာ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❖

အထူးမျက်မှန် တပ်ဆင်ရန် မလိုအပ်သော သုံးဖက်မြင် ရုပ်မြင်သံကြား စက်အမျိုးအစားသစ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

သင်နှင့် သင့်မိသားစု ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အတိအကျလိုက်နာ

သတင်းမှတ်စု ဇင်ဘိုမင်း (ကြေးမုံ)

ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်ချက်များကို မြို့နယ်အလိုက်၊ ဒေသအလိုက် သာမက ကျေးရွာများအထိပါ ပညာပေး၊ သရုပ်ပြဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိသည်ကို တွေ့မြင်နေရသည်။ နေပြည်တော်ခရိုင်အတွင်း၌လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီမှ ပညာပေးဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မကြာသေးမီရက်ပိုင်းက နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ဌာနခွဲမှူး ရဲမှူး မျိုးညွန့်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သရုပ်ပြ အသိပညာပေး ဟောပြော ရှင်းလင်းပြခဲ့သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်ပြီး ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များနှင့်ပတ်သက်၍ အသိပေးပြောကြားရာတွင် ဆိုင်ကယ်စီးသူများ အန္တရာယ်ကင်းဝေးစေရေးအတွက် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးကိုခိုင်ခံ့စွာ တပ်ဆင်ရန်၊ ရှေ့မီး၊ နောက်မီး၊ အချက်ပြမီးများ တပ်ဆင်ထားရန်၊ နောက်ကြည့်မှန်အသုံးပြုရန်၊ ကောင်းမွန်သော ဘရိတ်အသုံးပြုရန်နှင့် မူးယစ်သောက်စားပြီး မမောင်းနှင်ရန်၊ နှစ်ယောက်ထက် ပိုမစီးရန်၊ အရှိန်ပြင်းစွာ မမောင်းနှင်ရန်နှင့် စနစ်တကျ သင်ကြားပေးတတ်မြောက်ပြီးမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားနေစဉ်။